# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၃၉)၊ ၁၃၈၈ ခုနှစ် ၊ ကဆုန်လဆန်း ၁၁ ရက်၊ ၂၆–၄–၂၀၂၆၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်**

# တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံအပေါ် ဆက်လက်ရပ်တည်ထောက်ခံဆောင်ရွက်ပေးသွားမည်

**တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi**

နေပြည်တော် ဧပြီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဦးစွာနိုင်ငံတော်သမ္မတက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်အနေဖြင့် မိမိကို သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ပြီး နာရီပိုင်းအတွင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာအား ပထမဦးဆုံးပေးပို့ခဲ့ပြီး အလေးအနက်ထားမှုကို ပြသပေးမှုအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးအနေဖြင့်လည်း မိမိဦးဆောင်သည့်အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်ချိန်တွင် ပထမဆုံးလာရောက်ခဲ့မှုအပေါ်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူချိန်အတွင်း မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၂၅

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရှမ်းပြည်နယ်တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၆ ခုနှစ်၊ ဧပြီ ၂၆ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး

## ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ

ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆)အထိမ်းအမှတ် ယခုနှစ်အတွက် ဆောင်ပုဒ်မှာ For Every Generation, Vaccines Work ဖြစ်ပြီး မြန်မာဘာသာဖြင့် မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏ စွမ်းပကားဟု ဘာသာပြန်ဆိုထားသည်။ မြန်မာနိုင်ငံတွင် ကာကွယ်ဆေးထိုးလုပ်ငန်းကို ၁၉၇၉ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပြီး ယခုအခါရောဂါ ၁၃ မျိုးကို ကာကွယ်သောကာကွယ်ဆေးများကို ကမ္ဘာ့နိုင်ငံများနည်းတူ တိုးချဲ့ထိုးနှံပေးလျက်ရှိပြီး မျိုးဆက်တိုင်းကို ကာကွယ်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ကာကွယ်ဆေးထိုးလွှမ်းခြုံမှုကို ဆန်းစစ်ရာတွင် ၂၀၂၁ ခုနှစ်၌ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ကာကွယ်ဆေးများ၏ လွှမ်းခြုံမှုအခြေအနေမှာ ၅၀ ရာခိုင်နှုန်းအောက်သာ ရရှိခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ကာကွယ်ဆေးများ၏ လွှမ်းခြုံမှုရာခိုင်နှုန်းမှာ ၈၀ ရာခိုင်နှုန်းအထက် ရောက်ရှိခဲ့ပြီးဖြစ်သည့်အတွက် လွှမ်းခြုံမှုရာခိုင်နှုန်းများ ပြန်လည်တိုးတက်လာသည်ကို တွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ဧပြီ ၂၄ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာနရုံး အမှတ်(၄)တွင် ကျင်းပသည့် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆)အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားသည်။

နိုင်ငံတော်သမ္မတ၏ ရက်ပေါင်း(၁၀၀)စီမံချက် ကာလအတွင်း ကာကွယ်ဆေးထိုးလုပ်ငန်းပါရှိပြီး ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်သည်။ ထို့ပြင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီးအပြီး ခုနစ်ရက်အတွင်းတွင် ထိခိုက်ဒဏ်ရာရရှိသူများ၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ဟန့်တားကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ ကလေးမိဘများက အားကောင်းစွာ ပူးပေါင်း၍ ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိခြင်းကြောင့် မြန်မာနိုင်ငံတွင် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများ outbreak သဖွယ် အစုလိုက်ဖြစ်ပွားမှု မရှိပါကြောင်း ပြောကြားသည်။

နိုင်ငံတော်မှ ကာကွယ်ဆေးနှင့်ဆက်စပ်ပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် နိုင်ငံတော်ရန်ပုံငွေမှ အလုံးစုံကျခံ၍ ဝယ်ယူသည့်နည်းလမ်း(Self-financing)၊ နိုင်ငံတော်နှင့် GAVI တို့ အချိုးကျထည့်ဝင်၍ ဝယ်ယူသည့်နည်းလမ်း (Co-financing)တို့ဖြင့် နှစ်စဉ်နိုင်ငံပိုင် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်အထိ ကျခံသုံးစွဲလျက်ရှိပြီး ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲ ဓမ္မသဘင်နှင့် စာတမ်းဖတ်ပွဲများ ကျင်းပမည်

နေပြည်တော် ဧပြီ ၂၅

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးကို ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့မှ ကဆုန်လပြည့်ကျော် ၂ ရက်အထိ (ဧပြီ ၃၀ ရက်မှ မေ ၂ ရက်အထိ) ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

ဧပြီ ၃၀ ရက်ညပိုင်းတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲ ဓမ္မသဘင်ကိုလည်းကောင်း၊ မေ ၁ ရက်နှင့် ၂ ရက်တို့တွင် စာတမ်းဖတ်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**၂၅-၄-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## ပုသိမ်ကြီးမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် ရပ်ကွက်၊ ကျေးရွာများအရောက် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ပုသိမ်ကြီး ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ရုံးအနေဖြင့် ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်ပေးခြင်းနှင့် Biometric ကောက်ယူခြင်း လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက် ၉ နာရီက ရေထွက်ကျေးရွာအုပ်စုရှိ ပြည်သူများအား နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ မန္တလေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးစိုးလွင်၊ အောင်မြေသာစံခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်ဦးစီးမှူး ဦးမောင်မောင်အေး၊ မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းနှင့် မြို့နယ်တာဝန်ရှိသူများ လာရောက်ကြည့်ရှု၍ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ် ၁၁၂ ကတ်ကို လက်ဝယ်အရောက်ပေးအပ်ခဲ့ပြီး Biometric ကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မေဝတီ(ပုသိမ်ကြီး)**

## လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းပွဲနှင့် ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဧပြီ ၂၅**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ ၃၅ လမ်း၊ ၈၆လမ်းထောင့်၊ အကွက်(၅၄၉)ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံး၌ လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းပွဲနှင့် ၃/၂၀၂၆ ပုံမှန်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲက မြို့နယ်ပါတီရုံး အစည်းဝေးခန်းမတွင် ကျင်းပသည်။



အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်မြင့်မြင့်ဌေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဖေမောင်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုထွေး၊ ချမ်းအေးသာစံမြို့နယ် ပြည်ခိုင်ဖြိုးပါတီ ဥက္ကဋ္ဌ ဦးကျော်ကျော်ဌေး၊ အတွင်းရေးမှူး ဦးစန်းမောင်နှင့် ကော်မတီဝင်များ၊ ရပ်ကျေးပါတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာ ဒေါ်မြင့်မြင့်ဌေးက မျက်နှာသစ်ရောင်ခြည်သစ်ဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ပထမဆုံးတွေ့ကြုံခဲ့ရတာက စီးပွားရေးယဉ်ကျေးမှု အမွေအနှစ်တွေ ဖိုရမ်တွေလုပ်ပေးတာ အသိပညာတွေ ရရှိပါကြောင်း၊ လွှတ်တော် စတက်တဲ့နေ့ကစပြီး ဆောင်ရန်၊ ရှောင်ရန်များသင်ကြားခဲ့ရပြီး သင့်တော်တဲ့နေရာမှာ လွှတ်တော်ရုံးဖွင့်၍ ပြည်သူရဲ့လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေးက တိုင်းဒေသကြီးလွှတ်တော်ဆိုတာပြည်သူနဲ့ အများဆုံးထိတွေ့ရတဲ့ နေရာဖြစ်ပြီး ပြည်သူလိုအပ်ချက်များကို အများဆုံးဖြည့်ဆည်းပေးရမှာဖြစ်ကြောင်း၊ မန္တလေးမြို့ရှိ လမ်းမကြီးများကို လျှပ်စစ်မီးရရှိနိုင်ရေး မြို့တွင်းမီးပွိုင့်များတွင် နေပူခံအရိပ်များလုပ်ဆောင်နိုင်ရန် တင်ပြဆောင်ရွက်ပေးခဲ့ကြောင်း ပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဖေမောင်က ဒေသတွင်းဖွံ့ဖြိုးရေးအတွက် မိမိတို့သက်ဆိုင်ရာ ရပ်ကွက်အလိုက် တင်ပြချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုတင်ပြပြီး ပေါင်းစပ်ဖော်ဆောင်ပေးမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေးနှင့် မြို့နယ် ပါတီအတွင်းရေးမှူး ဦးစန်းမောင်တို့က ပါတီ၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၄၁)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးက ပြန်လည် ပြောကြားရာတွင် အဆွေတော်အနေဖြင့် မြန်မာနိုင်ငံ၏ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရမှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်မှလည်း ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ဆုမွန်ကောင်းများ တောင်းပေးလိုက်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အဆွေတော်ကို သမ္မတကြီးအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး နာရီပိုင်းအတွင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့ခြင်းနှင့် ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်တက်ရောက်စေခဲ့ခြင်းမှာ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူလူထုတို့အပေါ်၌ မိမိတို့နိုင်ငံအနေဖြင့် အလေးအနက်ထားမှုကို ပြသခြင်းပင်ဖြစ်ပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်လာမည်ဟုလည်း ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံအကြား နိုင်ငံတော်နှင့် ပြည်သူလူထုတို့၏ လူမှုစီးပွားဘဝ အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို အရှိန်အဟုန်မြှင့်တင်၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာ မျက်နှာစာတွင် မြန်မာနိုင်ငံအပေါ် ဆက်လက်ရပ်တည်ထောက်ခံ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီသော ပြည်သူများ၏ ထောက်ခံမှုကိုလည်းရရှိနိုင်သည့် အောင်မြင်မှုလမ်းကြောင်းကို ချီတက်ရန် ခိုင်ခိုင်မာမာ ထောက်ခံအားပေးလျက်ရှိမှု၊ မြန်မာနိုင်ငံ၏ နိုင်ငံတော် အချုပ်အခြာအာဏာနှင့် နယ်မြေလုံခြုံရေး၊ တည်တံ့ခိုင်မြဲရေးကိုလည်း ခိုင်ခိုင်မာမာ ထောက်ခံအားပေးလျက်ရှိမှု၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားရင်ကြားစေ့ရေးနှင့် လူ့ဘောင်အဖွဲ့အစည်း သဟဇာတဖြစ်မှုကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ခိုင်ခိုင်မာမာ ထောက်ခံအားပေးလျက်ရှိမှု အခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး စသည့်ကိစ္စရပ်များတွင် နှစ်ဦးနှစ်ဖက် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများ၊ မန္တလေးငလျင်ကြီးကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် တရုတ်နိုင်ငံအနေဖြင့် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်နှင့် အာဆီယံအသိုက်အဝန်းတို့အတွင်း ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်သူများကရွေးချယ်သည့် အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်အား ဒီမိုကရေစီ လမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်း လျက်ရှိသည့်အတွက် အာဆီယံအဖွဲ့အတွင်း ပါဝင်ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပြောကြားထားသည့် အကြံပြုချက်(၄)ချက်အပေါ်တွင်လည်း ထောက်ခံလျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသကုန်သွယ်မှု၊ စွမ်းအင်နှင့် သတ္တုကြဏ္ဍ၊ စိုက်ပျိုးရေးနှင့် နည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia၊ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရို အဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အဖွဲ့ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# မြန်မာ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဧပြီ ၂၅

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် နေပြည်တော်သို့ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။




## အမြင်ချင်းဖလှယ်

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ပိုမိုခိုင်မာစေရေး၊ အေးအတူပူအမျှအသိုက်အဝန်း ထူထောင်ထားရှိမှု၊ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အရှိန်အဟုန်မြှင့်တင်နိုင်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ နှစ်နိုင်ငံ နယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းရန် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို တရုတ်နိုင်ငံက ပံ့ပိုးကူညီရေး၊ မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံမှ ပံ့ပိုးကူညီသွားရေး၊ နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်မှုများနှင့် တရားမဝင်လုပ်ငန်းများ ဆောင်ရွက်နေခြင်းကို တိုက်ဖျက်ရာ၌ နှစ်နိုင်ငံအိမ်နီးချင်းကောင်းပီသစွာဖြင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် အပြန်အလှန် ထောက်ခံရပ်တည်သွားရေးနှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး အပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား အစဉ်တစိုက် ထောက်ခံပေးခြင်းနှင့် ကူညီပံ့ပိုးမှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ထောက်ခံရပ်တည်ပါကြောင်း၊ တရုတ်သမ္မတ မစ္စတာရှီကျင့်ဖျင် အဆိုပြုထားသော ကမ္ဘာလုံးဆိုင်ရာ အစီအမံလေးခုကိုလည်း ထောက်ခံပါကြောင်း၊ အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အဆိုပြုချက်လေးချက်ကို ထောက်ခံပါကြောင်း၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအရေးကြီးပါကြောင်း၊ တရုတ်နိုင်ငံမှ ပေးအပ်ခဲ့သော ငလျင်ဒဏ် ပြန်လည်ထူထောင်ရေးဆိုင်ရာ အကူအညီများအတွက် ကျေးဇူး တင်ရှိပါကြောင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် နှစ်နိုင်ငံနယ်စပ်တွင် တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပံ့ပိုးကူညီပေးရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ဆက်လက် ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံခြားရေး ဝန်ကြီး H. E. Mr. Wang Yi က မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် အစိုးရသစ်တစ်ရပ် ဖွဲ့စည်းပြီးနောက် ယခုလို လည်ပတ်ခွင့် ရရှိသည့်အတွက် ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆက်လက် ပံ့ပိုးမည်ဖြစ်ပါကြောင်း၊ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို အခြေခံသည့် မြန်မာနိုင်ငံက ယုံကြည်အားကိုး နိုင်လောက်သော အိမ်နီးချင်းနိုင်ငံအဖြစ် ရပ်တည်မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများ အကြား ပိုမိုနီးကပ်သည့် ပူးပေါင်းမှု မြှင့်တင်သွားမည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန် နားလည်မှုနှင့် ယုံကြည်မှု ပိုမိုခိုင်မာစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ အကြီးအကဲများအကြား သဘောတူညီချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ရေး ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ ကဏ္ဍစုံတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်ဖြစ်ပါကြောင်းနှင့် နှစ်နိုင်ငံအကြားရှိ စီမံကိန်းများကို အရှိန်အဟုန်မြှင့်၍ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

နှစ်နိုင်ငံ ဆွေးနွေးပွဲအပြီးတွင် မန္တလေး ငလျင်ဒဏ်သင့် ဘုန်းတော်ကြီးများနှင့် သီလရှင်ကျောင်းများအတွက် တရုတ်နိုင်ငံအစိုးရကလှူဒါန်းသည့် အသင့်နေအိမ်များ လွှဲပြောင်းလက်ခံခြင်းဆိုင်ရာ စာလွှာလဲလှယ်ခြင်းနှင့် မြန်မာအာကာသ အေဂျင်စီနှင့် တရုတ်အမျိုးသားအာကာသ စီမံခန့်ခွဲမှုဌာနတို့အကြား အာကာသ ပူးပေါင်းဆောင်ရွက်မှုနှင့်အာကာသ ဟင်းလင်းပြင် ငြိမ်းချမ်းစွာ အသုံးပြုမှုဆိုင်ရာ နားလည်မှု စာချွန်လွှာ လဲလှယ်ခြင်းတို့ကို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ ရှေ့မှောက်တွင် ပြုလုပ်ခဲ့သည်။

ဆက်လက်၍ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရို အဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Jasmine Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ အဆိုပါ ညစာစားပွဲသို့ မြန်မာအာကာသ အေဂျင်စီမှ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သာသနာရေးရာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

## ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ပုဗ္ဗသီရိ ဧပြီ ၂၅

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်အား Clean City၊ Green City ၊ Smart City ဖြစ်စေရေးအတွက် စွန့်ပစ်အမှိုက်များ ရှင်းလင်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ်၊ ပိတောက်လမ်းတစ်လျှောက် ဆောင်ရွက်ခဲ့ရာ နေပြည်တော်ကောင်စီဝင် ဦးမင်းဦး ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် နေပြည်တော်ဆီကုန်သည်များအသင်းက သန့်ရှင်းရေးလာရောက် ဆောင်ရွက်သည့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူတို့အား စားသုံးဆီသတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချပေးနေမှုကို ကြည့်ရှုခဲ့သည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဝင်သည် ဇေယျာသီရိမြို့နယ်သို့ သွားရောက်ပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ဒေသခံများ စုပေါင်း၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးဝင်းရှေ့နှင့် ရွှေတွင်းကုန်းကျေးရွာမှ တိရစ္ဆာန်ဥယျာဉ်အထိ ရန်-မန်းလမ်းဘေး ဝဲ၊ ယာတစ်လျှောက်ရှိ ပလတ်စတစ်အမှိုက်သရိုက်များ၊ ချုံနွယ်များ ရှင်းလင်းနေမှုကို ကြည့်ရှုကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားပြီး သန့်ရှင်းရေးလာရောက်ဆောင်ရွက်သည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူတို့အား စားသုံးဆီသတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချပေးနေမှုကို ကြည့်ရှုခဲ့သည်။



နေပြည်တော် ပုဗ္ဗသီရိမြို့နယ်နှင့်ဇေယျာသီရိမြို့နယ်အနေဖြင့် သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ကို(ပြန်/ဆက်)



## တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်သို့ တရားဝင်ခရီးစဉ် ရောက်ရှိ

နေပြည်တော် ဧပြီ ၂၅

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ဧပြီ ၂၅ ရက်မှ ၂၆ ရက်အထိ တရားဝင်ခရီးစဉ် လာရောက်သည့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့်ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

သတင်းစဉ်

❖ ❖ ❖

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် နွေရာသီ အခြေခံဂီတ၊ အဆို၊ အကနှင့် ပန်းချီ၊ ပန်းပုသင်တန်းဖွင့်ပွဲ တက်ရောက်

မန္တလေး ဧပြီ ၂၅

မြန်မာ့ရိုးရာ အနုသုခုမပညာရပ်များကို တန်ဖိုးထားမြတ်နိုးတတ်စေရန်၊ အခြေခံပညာကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင်ပါဝင်သော အနုပညာဘာသာရပ်သင်ကြားမှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်သင်ကြားသည့် ၂၀၂၆ ခုနှစ် နွေရာသီ အခြေခံ ဂီတ၊ အဆို၊ အကနှင့် ပန်းချီ၊ ပန်းပုသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



ဖွင့်ပွဲသို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ သင်တန်းတက်ရောက်ကြမည့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဧပြီ ၂၅ ရက်မှ မေ ၉ ရက်အထိ ဖွင့်လှစ်မည့် သင်တန်းတွင် မဟာဂီတကြိုးသီချင်း၊ မြန်မာ့ရိုးရာအဆိုပညာ၏ အခြေခံသံစဉ်ခုနစ်ပါး၊ စန္ဒရားအခြေခံလက်လေ့ကျင့်ခန်းများ၊ အမျိုးသား အမျိုးသမီး အခြေခံကဗျာလွတ် (ပထမအဆင့်) ကကွက်များ၊ ကျောင်းသားလူငယ်များ လူပုံရေးဆွဲရာတွင် လွယ်လင့်တကူချဉ်းကပ်ရေးဆွဲနိုင်စေရန် လူပုံရေးဆွဲနည်းများနှင့် အခြေခံ ကနုတ်ရေးဆွဲနည်းများ၊ ရိုးရာပန်းပုအပြင် ခေတ်ပြိုင်ပန်းပု၊ ဖန်တီးမှုအခြေခံသဘောတရားနှင့် စွန့်ပစ်ပစ္စည်းများကို အသုံးပြုပြီး ပန်းပုအနုပညာဖန်တီးခြင်းတို့ကို ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ အနာဂတ်ခေါင်းဆောင်များ ဖြစ်ကြမည့် မျိုးဆက်သစ် ကျောင်းသားလူငယ်များအနေဖြင့် မိမိတို့ဝါသနာပါရာ မြန်မာ့ရိုးရာသုခုမအနုပညာရပ်များကို နှစ်သက်မြတ်နိုးရန် လိုအပ်ကြောင်း၊ သို့မှသာ မျိုးချစ်စိတ်များ ထာဝစဉ်ရှင်သန်နေမည် ဖြစ်ကြောင်း၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရန်၊ လက်ဆင့်ကမ်းထိန်းသိမ်းသွားနိုင်ရန် မျိုးဆက်သစ်လူငယ်များအနေဖြင့် ယဉ်ကျေးမှုကိုယ်ခံအားကောင်းမွန်ပြီး မြန်မာ့သုခုမ အနုပညာရပ်များကို သင်တန်းကာလအတွင်း ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်က နွေရာသီ အခြေခံဂီတ၊ အဆို၊ အကနှင့် ပန်းချီ၊ ပန်းပုသင်တန်း ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြီး ဂီတပညာ ဌာနနှင့် သဘင်ပညာဌာနမှ ကျောင်းသား ကျောင်းသူများက အဆို၊ အကများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သင်တန်း တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် အမှတ်(၉၅၁) ဆောက်လုပ်ရေးတပ်ခွဲ(အင်ဂျင်နီယာ)က ဆောင်ရွက်လျက်ရှိသည့် သုဓမ္မာဇရပ်နှစ်ဆောင် ပြန်လည်တည်ဆောက်နေမှု၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကြီးကြပ်၍ ပြုပြင်ဆောင်ရွက်လျက်ရှိသည့် ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ရှေးဟောင်းအဆောက်အအုံများ ပြုပြင်တည်ဆောက်ရာတွင် ရှေးမူမပျက် ပြန်လည်တည်ဆောက်သွားရန်၊ စဉ်ဆက်မပြတ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် သုဓမ္မာဇရပ်နှစ်ဆောင်ကို ၂၀၂၆ ခုနှစ် မေလဆန်းတွင် ပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(မန္တလေး)ရှိ အရာထမ်း၊ အမှုထမ်းများအား အဆိုပါတက္ကသိုလ်ရှိ မဉ္ဇူသကဆောင်ခန်းမ၌ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ယဉ်ကျေးမှုကဏ္ဍကို ထိန်းသိမ်းမြှင့်တင်ပြီး ဟိုတယ်ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်၊ အမျိုးသား အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်၊ တိုင်းရင်းသားတို့၏ စာပေ၊ ဂီတ၊ ရိုးရာယဉ်ကျေးမှု ကဏ္ဍများကို ထိန်းသိမ်းမြှင့်တင်နိုင်ရေး ဆောင်ရွက်ရန်၊ တက္ကသိုလ်အနေဖြင့် ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ထိန်းသိမ်းရင်းဖြင့် ပြည်ပမှဝင်ရောက်လာသော ယဉ်ကျေးမှုများကို ကာကွယ်သွားရန် လိုအပ်ကြောင်း၊ အနုပညာဖန်တီးမှုများကို ဆောင်ရွက်သည့်အခါ ကြည့်ရှုသူစိတ်ဝင်စားမှုရှိအောင် အတွေးအခေါ်သစ်များဖြင့် ဖန်တီးထုတ်လုပ်သွားကြရန် မှာကြားသည်။

ယင်းနောက် တက္ကသိုလ်ရှိ သင်ကြားဆောင်များကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်



ရန်ကုန် ဧပြီ ၂၅

အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)ခန်းမ၌ မေ ၁၄ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကြီး ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်၊ အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်နှင့် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့၏ အဖွဲ့ဝင်နိုင်ငံအချင်းချင်း ရင်းနှီးကျွမ်းဝင်မှု ရှိစေရန်အတွက်ဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်ရှိ အားကစားပြိုင်ပွဲတစ်ရပ်ကိုလက်ခံကျင်းပပေးခြင်းဖြင့် အာဆီယံဒေသနိုင်ငံများအတွင်း မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲသို့ အရှေ့တောင်အာရှနိုင်ငံ ရှစ်နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားပေါင်း ၂၂ မျိုး ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း၊ ပြိုင်ပွဲသို့ လာရောက်တာဝန်ထမ်းဆောင်မည့် အပြည်ပြည်ဆိုင်ရာ ဒိုင်/ဂျူရီများနှင့် ပြိုင်ပွဲဝင်အသင်းများ တည်းခိုနေထိုင်ရေးနှင့် စားသောက်ရေးဆိုင်ရာ ကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံအနေဖြင့် ဧည့်ဝတ်ကျေပွန်အောင် ဆောင်ရွက်ပေးသွားစေလိုကြောင်း၊ လာရောက် ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများကို မြန်မာနိုင်ငံ၏ တန်ခိုးကြီးဘုရားဖြစ်သော ရွှေတိဂုံဘုရားနှင့် ဗိုလ်ချုပ်ဈေး တို့အား လေ့လာရေးခရီးစဉ်အဖြစ် လိုက်လံ ပို့ဆောင်ပေးစေလိုကြောင်း၊ မြို့တော်သန့်ရှင်းသပ်ရပ်သာယာလှပစေရေး၊ ပြိုင်ပွဲဝင်အသင်းများ သွားလာနေထိုင်ရေးနှင့် စားသောက်ရေးတို့ အဆင်ပြေချောမွေ့စေရန် အားလုံးကဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးတင်ပြပြီး မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက ပြိုင်ပွဲကျင်းပရေးနှင့် ပတ်သက်သည့် လုပ်ငန်းစီမံချက်အသေးစိတ်များ၊ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အိမ်ရှင်မြန်မာ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နိုင်ငံများမှ ပြိုင်ပွဲဝင်ဦးရေ၊ ပြိုင်ပွဲကျင်းပမည့်အမျိုးအစား ၂၂ မျိုးနှင့် ပြိုင်ပွဲဖွင့်ပွဲ၊ ပိတ်ပွဲ၊ ဆုချီးမြှင့်ပွဲအတွက် ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို အသေးစိတ် ရှင်းလင်းတင်ပြကာ အစည်းအဝေးသို့ တက်ရောက်လာသည့် သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရမည့် ကိစ္စရပ်များကို ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအသင်း ယှဉ်ပြိုင်အောင်ပွဲခံယူနိုင်ရေး ညှိနှိုင်းဆွေးနွေး

မန္တလေး ဧပြီ ၂၅

၂၀၂၆ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ထူးချွန်ထက်မြက်သော ဘော်လီဘောအားကစားသမားများ ရွေးထုတ်နိုင်ရန် ထပ်ဆင့်ယှဉ်ပြိုင်အောင်ပွဲခံယူနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေပိုင်းက တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး အား/ကာညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်က အမှာစကားပြောကြားပြီးတိုင်းဒေသကြီးဘော်လီဘောဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်း(အောင်သမာဓိစိန်ရွှေရတနာဆိုင်)က မေလ ပထမပတ် ဗထူးမိုးလုံအားကစားခန်းမ၌ ကျင်းပမည့် ခရိုင်အလိုက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲအပြီးတွင် မန္တလေးတိုင်း ကိုယ်စားပြု အရည်အချင်းပြည့်ဝသော အားကစားသမားကောင်းများ စိစစ်ရွေးချယ်၍ ကြိုတင်စခန်းသွင်းလေ့ကျင့်ပေးကာ တောင်ကြီးမြို့တွင် ဇွန် ၁၀ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အဓိကပံ့ပိုးမှု အပြည့်ဖြင့် တက်ရောက်ယှဉ်ပြိုင်ထပ်ဆင့်အောင်ပွဲခံယူနိုင်ရေး ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်း (လက်ရွေးစင်ဟောင်း)၊ အတွင်းရေးမှူး ဦးမြင့်ဆွေတို့နှင့် အမှုဆောင်တို့က တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်အလိုက် ဘော်လီဘော ပြိုင်ပွဲမှစ၍ အသင်းဝင်အားကစားသမားများ အသက်၂၅ နှစ်အောက် မှန်ကန်မှုဖြင့် စည်းကမ်းတကျ တိုင်းအောင်နိုင်ရေးအတွက် ပါဝင် ယှဉ်ပြိုင်နိုင်ရေး ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

တင်မောင်(မန္တလေး)

# ရေဝတီတံတား(ရတနာပုံ) Load Test စစ်ဆေး၍ လက်ရှိခွင့်ပြုနေသည့် ၂၅ တန်မှ ၄၅ တန်အထိ တိုးမြှင့်ခွင့်ပြု




နေပြည်တော် ဧပြီ ၂၅

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် အတူ ယနေ့တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရေဝတီတံတား(ရတနာပုံ)ကို အားဖြည့်ပြုပြင်ခြင်းပြီးစီး၍ Load Test စစ်ဆေးပြီး ၂၅ တန်မှ ၄၅ တန်သို့ တိုးမြှင့်၍ ကုန်တင်ယာဉ်များ ဖြတ်သန်းခွင့်ပြုပေးနေမှု၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့်ဝန်ထမ်းအိမ်ရာများအတွက် အသစ်ပြန်လည် တည်ဆောက်နေသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်တွင် တာဝန်ခံအင်ဂျင်နီယာက ရေဝတီတံတား(ရတနာပုံ) မန္တလေးငလျင်ကြီးကြောင့် ရေလယ်တိုင်ရှိ Gusset Plate များ၊ သံပေါင်ရှိ Inclined Member များ၊ Bearing များ ပျက်စီးခဲ့ရသည့် အခြေအနေ၊ ပျက်စီးမှုများကို စစ်ဆေး၍ ကနဦး(ကုန်+ယာဉ်) ၁၅ တန်ဖြင့် စတင် ဖြတ်သန်းခွင့်ပြုခဲ့သည့် အခြေအနေ၊ ပထမအဆင့် ပြင်ဆင်မှုအနေဖြင့် သံပေါင်ချုပ်တန်းများ၊ Gusset Plate များ လဲလှယ်ပြီး၍ Load Test စစ်ဆေးပြီး ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် (ကုန်+ယာဉ်) ၂၅ တန်အထိ တိုးမြှင့် ဖြတ်သန်းခွင့်ပြုပေးခဲ့သည့် အခြေအနေ၊ ယခုအခါ ဒုတိယအဆင့် အားဖြည့်ပြင်ဆင်ခြင်း ဆောင်ရွက်ပြီးစီး၍ Load Test စစ်ဆေးပြီး (ကုန်+ယာဉ်) ၄၅ တန်အထိတိုးမြှင့် ဖြတ်သန်းခွင့်ပြုနိုင်မည့် အခြေအနေနှင့် ပြုပြင်ဆောင်ရွက်ခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများကို ရှင်းလင်းတင်ပြရာ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက တံတားကြီး၏ မူလခွင့်ပြုထားသော တန် ၆၀ အထိ ပြန်လည်ခွင့်ပြုပေးနိုင်ရေး အတွက် ငလျင်ကြီးဒဏ်ကြောင့် ပျက်စီးသွားသော Bearings လဲလှယ်ခြင်းများ ဆက်လက်ဆောင်ရွက်မည့် အစီအမံတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ရေဝတီတံတား(ရတနာပုံ)သည် ရေဝတီမြစ်ကို ဖြတ်ကျော်၍ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးကို ဆက်သွယ်ပေးထားသည့် အရေးပါသော တံတားတစ်စင်းဖြစ်၍ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေးအတွက် နေ့စဉ် ဖြတ်သန်းအသုံးပြုခြင်းကို မရပ်ဆိုင်းဘဲ ပြုပြင်ဆောင်ရွက်ရခြင်းဖြစ်၍ ဘေးကင်းလုံခြုံရေးကို အလေးထားရန် လိုပါကြောင်း၊ ယခုတွင် ၄၅ တန်အထိ ခွင့်ပြုထားပြီးဖြစ်၍ ကုန်တင်ယာဉ်ကြီးများနှင့် ဆီသယ်ယာဉ်များသည် ဇက်ရေယာဉ်များဖြင့် ကူးသန်းရန် မလိုအပ်တော့ဘဲ တံတားပေါ်မှ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်၍ အချိန်နှင့် ဖြတ်သန်းခများ သက်သာသွားမည်ဖြစ်၍ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လွယ်ကူလာမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများက ကုန်တင်ယာဉ်များကို သတ်မှတ်ချက်များနှင့်အညီ ဖြတ်သန်းခွင့်ပြုစေရေး တာဝန်ရှိသူများအား ကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း မှာကြားကာ ရေဝတီတံတား(ရတနာပုံ)တွင် ၄၅ တန်အထိ ကုန်တင်ယာဉ်များနှင့် ဆီသယ်ယာဉ်များ စတင်ဖြတ်သန်းသွားလာမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မန္တလေးမြို့ရှိ ငလျင်ကြောင့် ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာ ၂၆ လုံး၊ အခန်းပေါင်း ၃၈၆ ခန်းတည်ဆောက်ခြင်းလုပ်ငန်းခွင်ကို လည်းကောင်း၊ စစ်ကိုင်းမြို့ရှိ ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ခုနစ်လုံး၊ အခန်းပေါင်း ၁၁၂ ခန်းအား တည်ဆောက်ရန် လက်ရှိဆောင်ရွက်နေသည့် အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများကို ဆောလျင်စွာ နေရာချထားနိုင်ရေး အတွက် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်ရမည့် အခြေအနေတို့ကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ငလျင်ကြောင့် ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာများကို ပြုပြင်၍ ပြန်လည်နေရာချထားပေးနိုင်မှု အနေဖြင့် မန္တလေးမြို့တွင်ပြင်ဆင်ရမည့် အဆောက်အအုံ ၂၆၄ လုံး အနက် ၇၄ လုံးကို ပြုပြင်ပြီးစီး၍ ဝန်ထမ်းအင်အား ၁၁၃၄ ဦးကို လည်းကောင်း၊ စစ်ကိုင်းမြို့တွင် ပြင်ဆင်ရမည့် အဆောက်အအုံ ၃၂ လုံးအနက် ၂၅ လုံးကို ပြုပြင်ပြီးစီး၍ ဝန်ထမ်းအင်အား ၂၄၉ ဦးကို လည်းကောင်း စုစုပေါင်း ဝန်ထမ်းအင်အား ၁၃၈၃ ဦးကို ပြန်လည်နေရာချထားပေးပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ ကျင်းပ



မိုင်းယောင်း ဧပြီ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် တော်ဝင်မိုင်းယောင်းဆန်စက်၌ ယနေ့နံနက်ပိုင်းက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် လုပ်ငန်းရှင်များ၊ တောင်သူများ၊ တက်ရောက်လာသူများက စက်သုံးဆီကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ မထိခိုက်စေရေးနှင့် MSME လုပ်ငန်းများ ထုတ်ကုန်တိုးမြှင့်စေရေး ဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူးသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ နွေရာသီကာလများတွင် သောက်သုံးရေ အဆင်ပြေစေရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

စိုင်းအောင်ဇော်လင်း

ဝ-ဝ-ဝ-ဝ

**စာအုပ်စာပေ လူ့မိတ်ဆွေ။**

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၄)အနိုင်၊ အရှုံး NGB

| | | |
|---|---|---|
| ပါးမား | ၁ - ၀ | ပီဆာ |
| ဘိုလော့ဂ်နာ | ၀ - ၂ | ရိုးမား |

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၄) အနိုင်၊ အရှုံး NGB

| | | |
|---|---|---|
| လီဗာပူး | ၃ - ၁ | ပဲလေ့စ် |
| ဝက်စ်ဟမ်း | ၂ - ၁ | အဲဗာတန် |
| ဝုဗ် | ၀ - ၁ | စပါး |
| အာဆင်နယ် | ၁ - ၀ | နယူးကာဆယ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁)အနိုင်၊ အရှုံး NGB

| | | |
|---|---|---|
| မိန့်ဇ် | ၃ - ၄ | ဘိုင်ယန်မြူးနစ် |
| ကိုလုံး | ၁ - ၂ | လေဗာကူဆင် |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁) အနိုင်၊ အရှုံး NGB

| | | |
|---|---|---|
| လိုင်ယွန် | ၃ - ၂ | အော်ဇေး |
| အန်ဂါးစ် | ၀ - ၃ | ပီအက်စ်ဂျီ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၂) အနိုင်၊ အရှုံး NGB

| | | |
|---|---|---|
| အလာဗက်စ် | ၂ - ၁ | မာယော့ကာ |
| ဂီတာဖေး | ၀ - ၂ | ဘာစီလိုနာ |

* စာမျက်နှာ ၂၄ မှ

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၅)အဆန် | ရန်ကုန် | မန္တလေး | ၀၆:၀၀ | ၁၆:၀၀ | (၁၀)နာရီ |
| ၂ | အမှတ်(၆)အစုန် | မန္တလေး | ရန်ကုန် | ၀၆:၀၀ | ၁၆:၁၀ | (၁၀)နာရီ(၁၀)မိနစ် |

ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တစ်လျှောက် ရပ်တန့်ဘူတာများမှာ တိုးကြောင်ကလေး၊ ပဲခူး၊ ညောင်လေးပင်၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ ရမည်းသင်း၊ သာစည်၊ ကျောက်ဆည်ဘူတာတို့ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ အထက်တန်းငွေကျပ် ၄၈၀၀၀ နှင့် ပထမတန်းငွေကျပ် ၃၄၀၀၀ တို့ဖြစ်သည်။

ရန်ကုန် - နေပြည်တော် - ရန်ကုန် ခရီးစဉ်တစ်လျှောက် အမှတ် (၃၁) အဆန်/ အမှတ် (၃၂) အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လမ်းခရီး၌ တိုးကြောင်ကလေး၊ ပဲခူး၊ ဒိုက်ဦး၊ တောင်ငူ၊ ပျဉ်းမနားဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ ယခင်အတိုင်းဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၃၁)အဆန် | ရန်ကုန် | နေပြည်တော် | ၁၀:၀၀ | ၁၅:၀၀ | (၅)နာရီ |
| ၂ | အမှတ်(၃၂)အစုန် | နေပြည်တော် | ရန်ကုန် | ၁၀:၀၀ | ၁၅:၀၀ | (၅)နာရီ |

ရန်ကုန် - နေပြည်တော် - ရန်ကုန် ခရီးစဉ်တစ်လျှောက် အမှတ်(၇)အဆန်/ အမှတ်(၈)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လမ်းခရီး၌ တိုးကြောင်ကလေး၊ ပဲခူး၊ ဖြူး၊ တောင်ငူ၊ ပျဉ်းမနားဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ ယခင်အတိုင်းဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၁၂:၃၀ | ၁၇:၃၀ | (၅)နာရီ |
| ၂ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၇:၃၀ | (၅)နာရီ |


ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်တွင်ပြေးဆွဲမည့် အမှတ်(၅)အဆန်/ အမှတ်(၆)အစုန် DEMU လူစီးအမြန်ရထားများနှင့် ရန်ကုန်-နေပြည်တော်-ရန်ကုန်ခရီးစဉ်တွင်ပြေးဆွဲနေသော အမှတ်(၃၁) အဆန်/ အမှတ်(၃၂)အစုန်၊ အမှတ်(၇)အဆန်/ အမှတ်(၈)အစုန် လေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားများ၏ ထိုင်ခုံလက်မှတ်များအား online Railways Ticketing and payment (ORTP) System ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်းနှင့် ရထားစီးနင်းမှုများပြားလာသည်နှင့်အမျှ ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ရထားခရီးစဉ်များတိုးချဲ့ပြေးဆွဲပေးခြင်း၊ ရထားတွဲများ ထပ်မံချိတ်ဆက်ပြေးဆွဲခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# စက်သုံးဆီဖြန့်ဖြူးရောင်းချမှုနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးပန်ကြားချက်

အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားနေသောပဋိပက္ခများကြောင့် ကမ္ဘာ့ရေနံတင်ပို့မှု ငါးပုံတစ်ပုံခန့်ဖြတ်သန်းသယ်ယူပို့ဆောင်လျက်ရှိသော ဟော်မုဇ်ရေလက်ကြားပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ရာ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ ဆက်တိုက်မြင့်တက်ခဲ့ပြီး စက်သုံးဆီဈေးနှုန်းများလည်း လိုက်ပါမြင့်တက်သောကြောင့် အခက်အခဲများစွာကြုံတွေ့ခဲ့ကြရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စက်သုံးဆီမပြတ်လပ်စေရေး ပုံမှန်ညှိနှိုင်းကြီးကြပ်ဆောင်ရွက်ခဲ့သည့်အတွက် စဉ်ဆက်မပြတ်ဖြည့်တင်းနိုင်ခဲ့ပြီး စက်သုံးဆီများပုံမှန်ဖြန့်ဖြူးရောင်းချပေးနိုင်လျက်ရှိသည့်အပြင် စနစ်တကျစိစစ်သုံးစွဲနိုင်မှုကြောင့် ရက် ဖြ၀ စာ ဖူလုံမှုရှိသည်အထိ ဖြည့်တင်းသိုလှောင်နိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။ ထို့အပြင် စက်သုံးဆီဖူလုံမှု အာမခံချက်ရှိစေရေးအတွက် မိတ်ဆွေနိုင်ငံများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့ပြီး စက်သုံးဆီအပြင် အခြားရေနံထွက်ပစ္စည်းများ တင်သွင်းနိုင်ရေးအတွက်လည်း သဘောတူညီမှုများ ရရှိထားပါသည်။




ကမ္ဘာ့စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခဲ့သော်လည်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းများစွာ မြင့်တက်သွားခြင်းမရှိစေရေးအတွက် နိုင်ငံတော်အစိုးရမှ ကြပ်မတ်ထိန်းကျောင်းဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့နိုင်ငံ၏ စက်သုံးဆီဈေးနှုန်းများသည် အရှေ့တောင်အာရှနိုင်ငံများနှင့်နှိုင်းယှဉ်ပါက သင့်တင့်သည့်ဈေးနှုန်းများဖြစ်သည်ကို တွေ့ရှိရပါသည်။

### အာဆီယံနိုင်ငံများနှင့် စက်သုံးဆီဈေးနှုန်းများနှိုင်းယှဉ်ချက်


| စဉ် | နိုင်ငံအမည် | ဓာတ်ဆီ(RON 95) | |
|---|---|---|---|
| | | (USD/Liter) | (MMK/Liter) |
| ၁ | Brunei | 0.417 | 1684.993 |
| ၂ | Indonesia | 0.723 | 2921.462 |
| ၃ | Vietnam | 0.902 | 3644.757 |
| ၄ | Malaysia | 1.017 | 4109.443 |
| ၅ | Myanmar | 1.215 | 4909.000 |
| ၆ | Philippines | 1.465 | 5919.699 |
| ၇ | Cambodia | 1.483 | 5992.432 |
| ၈ | Thailand | 1.646 | 6651.075 |
| ၉ | Laos | 1.775 | 7172.331 |
| ၁၀ | Singapore | 2.421 | 9782.656 |

| စဉ် | နိုင်ငံအမည် | ပရီမီယမ်ဒီဇယ်ဆီ | |
|---|---|---|---|
| | | (USD/Liter) | (MMK/Liter) |
| ၁ | Brunei | 0.244 | 985.943 |
| ၂ | Indonesia | 0.853 | 3446.760 |
| ၃ | Vietnam | 1.068 | 4315.521 |
| ၄ | Thailand | 1.265 | 5111.549 |
| ၅ | Cambodia | 1.421 | 5741.906 |
| ၆ | Malaysia | 1.511 | 6105.573 |
| ၇ | Myanmar | 1.735 | 7012.000 |
| ၈ | Philippines | 2.051 | 8287.578 |
| ၉ | Laos | 2.170 | 8768.428 |
| ၁၀ | Singapore | 3.268 | 13205.171 |

ထို့အပြင် ကုန်စည်ပို့ဆောင်ရေးယာဉ်များသုံးစွဲရန် ရိုးရိုးဒီဇယ်ဆီများတင်သွင်းရာတွင် အခွန်အခများကင်းလွတ်ခွင့်ပြုထားသည့်အတွက် တစ်လီတာလျှင် ၅၇၅၂ ကျပ် (1.423 USD/Liter) ဖြင့် ရောင်းချပေးနိုင်လျက်ရှိပါသည်။

ရေနံစိမ်းဈေးနှုန်းမြင့်တက်မှုနှင့် စက်သုံးဆီဈေးနှုန်းမြင့်တက်မှုကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ကုန်ကြမ်းရေနံစိမ်းဈေးမြင့်တက်မှုရာခိုင်နှုန်းနည်းပါးသော်လည်း ကုန်ချောစက်သုံးဆီဈေးနှုန်းများမှာ တစ်ဟုန်ထိုးမြင့်တက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

### ရေနံစိမ်းဈေးနှုန်းနှင့် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း နှိုင်းယှဉ်ချက်အခြေပြဇယား




သို့ဖြစ်ရာ ရေနံစိမ်းကိုဝယ်ယူ၍ ကိုယ်တိုင်ချက်လုပ်ဖြန့်ဖြူးနိုင်မည်ဆိုပါက ပြည်သူများအနေဖြင့် စက်သုံးဆီကိုပိုမိုချိုသာသောဈေးနှုန်းဖြင့် သုံးစွဲနိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ရေနံချက်စက်ရုံအသစ်များ တိုးချဲ့တည်ဆောက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ စက်ရုံအဟောင်းများကိုလည်း အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိနေပါသည်။

ထို့အပြင် ရေနံစိမ်းကို လုံလောက်စွာထုတ်လုပ်လာနိုင်ပါက ပြည်သူများအနေဖြင့် စက်သုံးဆီနှင့်ပတ်သက်၍ ကြောင့်ကြမှုများကင်းဝေးသွားမည်ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ရေနံစိမ်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက်လည်း နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းထုတ်စက်သုံးဆီများကို သုံးစွဲသူပြည်သူများထံ တိုက်ရိုက်ဖြန့်ဖြူးပေးသည့်အနေဖြင့် မော်တော်ဆိုင်ကယ်များ၊ သုံးဘီးယာဉ်များနှင့် အချို့မော်တော်ယာဉ်များကို RON 68 ဓာတ်ဆီတစ်ဂါလန်လျှင် ၁၇၂၅၂ ကျပ်ဖြင့်လည်းကောင်း၊ RON 72 ဓာတ်ဆီတစ်ဂါလန်လျှင် ၁၇၇၀၇ ကျပ်ဖြင့်လည်းကောင်း၊ တောင်သူလယ်သမားများထံသို့ ဒီဇယ်တစ်ဂါလန်လျှင် ၁၀၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း လက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ ဆက်လက်ရောင်းချပေးသွားရန်အတွက်လည်း စီမံထားရှိပြီးဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် ပြည်သူများအနေဖြင့် ရင့်ကျက်နားလည်မှုရှိသည့်စိတ်၊ ကိုယ်ချင်းစာစိတ်၊ အကောင်းမြင်စိတ်များဖြင့် အကြံဉာဏ်များပေးခြင်း၊ အသိပညာဗဟုသုတများကို လူမှုကွန်ရက်များမှ မျှဝေပေးခြင်း၊ ပြည်သူလူထုထိခိုက်နစ်နာစေသည့် အပြုအမူများကို တွေ့ရှိသည်နှင့်တစ်ပြိုင်နက် Call Center များသို့ သတင်းပို့ခြင်း၊ မီဒီယာများအနေဖြင့်လည်း ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေမည့်၊ စိုးရိမ်ထိတ်လန့်မှုဖြစ်စေမည့် ခေါင်းစဉ်များဖော်ပြ၍ ရေးသားဖြန့်ဝေခြင်းမပြုမိစေရန် သတိထားဆောင်ရွက်လာခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်မှုများအား ပြုလုပ်နေကြသည့်အတွက် စက်သုံးဆီဖြန့်ဖြူးရောင်းချမှုလုပ်ငန်းစဉ်များသည် တည်ငြိမ်လာသည့်အခြေအနေသို့ ရောက်ရှိလာပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် စက်သုံးဆီပြတ်လပ်မည်ကိုစိုးရိမ်၍ တန်းစီဝယ်ယူစုဆောင်းခြင်းမျိုး မပြုလုပ်ကြပါရန်နှင့် လိုအပ်သလောက်သာဝယ်ယူသုံးစွဲခြင်းဖြင့် လူတစ်ဦးချင်းစီ၏ အချိန်ကုန် လူပင်ပန်းမှုများ သက်သာစေမည်ဖြစ်သည့်အပြင် နိုင်ငံတော်၏ နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချလာနိုင်မည်ဖြစ်သည့်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ မိဘပြည်သူများအကျိုးကိုရှေးရှု၍ အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များတွင် ပိုမို၍ပူးပေါင်းပါဝင်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## သမိုင်းဝင်ရွှေမုဋ္ဌောဘုရားတွင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ



**စဉ့်ကူး မေ ၂၅**

စဉ့်ကူးမြို့တွင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို အမှတ်(၁)ရပ်ကွက်ရှိ ရွှေမုဋ္ဌောဘုရားမဏ္ဍပ်၌ ယနေ့နံနက် ၉ နာရီက စတင်ကျင်းပသည်။

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်စွာဝင်းခိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ကြသည်။

ဆက်လက်၍ ညောင်ဝန်းသုံးထပ်ကျောင်းတိုက်ဆရာတော်မှ ဘုရားပင့်ဂါထာဖြင့် လည်းကောင်း၊ ရွှေလှောဂန္ဓာရုံ ပရဟိတကျောင်းတိုက်ဆရာတော်မှ ဘုရားရှိခိုးဂါထာတော်ဖြင့်လည်းကောင်း ရွတ်ဖတ်ပူဇော်ခဲ့ကြပြီး တောင်ကိုင်း အောင်သပြေသာကျောင်းတိုက်ဆရာတော်မှ အဘိဓမ္မာတရားတော်နာကြားရန်အတွက် နတ်ဗြဟ္မာများအား ပင့်ဖိတ်ခဲ့ကာ စဉ့်ကူးမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရွာတော်လေးချမ်းမြေ့သာစည်ကျောင်းတိုက်ဆရာတော် ဦးဝရသာမိ ထံမှ ငြိမ်းပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး သြဝါဒတရားတော်များ နာယူခဲ့ကြသည်။ ထို့နောက် စံကျောင်းဆရာတော်မှ အဘိဓမ္မာဒေသနာတော် ရွတ်ဖတ်ပူဇော်နိုင်ရန် တိုက်တွန်းနှိုးဆော်သွာဂါထာကို ရွတ်ဖတ်ပူဇော်၍ အလှည့်ကျဆရာတော်မှစ၍ ပဋ္ဌာန်းဒေသနာတော်ကို စတင်ရွတ်ဖတ်ပူဇော်ခဲ့သည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မေ ၂၅ ရက်မှ ၂၉ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

တင်စာလွင်(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး၊

**ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။**

# မက္ကဆီကိုနိုင်ငံက ဂျပန်နိုင်ငံသို့ ရေနံစိမ်းစည်ပေါင်း တစ်သန်း ထောက်ပံ့ပေးရန် သဘောတူ




မက္ကဆီကိုစီးတီး ဧပြီ ၂၅

မက္ကဆီကိုနိုင်ငံက ဂျပန်နိုင်ငံသို့ ရေနံစိမ်း စည်ပေါင်း တစ်သန်း ထောက်ပံ့ပေးရန် သဘောတူညီခဲ့သည်။

အဆိုပါ သဘောတူညီချက်သည် ယခုသီတင်းပတ် အစောပိုင်းတွင် နှစ်နိုင်ငံခေါင်းဆောင်များကြား တယ်လီဖုန်း ဆွေးနွေးမှုမှတစ်ဆင့် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

**ဆွေးနွေး**

ဂျပန်ဝန်ကြီးချုပ် တာကာချီဆာနေးက မက္ကဆီကိုသမ္မတ ကလော်ဒီယာ ရှိန်းဘမ်းနှင့် ဧပြီ ၂၀ ရက်တွင် ဆွေးနွေးခဲ့သည်။

ဧပြီ ၂၂ ရက်တွင် မက္ကဆီကိုသမ္မတ ကလော်ဒီယာ ရှိန်းဘမ်းက ဂျပန်နိုင်ငံက ရေနံစိမ်းများ တောင်းခံခဲ့ကြောင်း သတင်းထောက်များအား ပြောကြားခဲ့သည်။

ရေနံစည်ပေါင်း တစ်သန်းသည် ဂျပန်နိုင်ငံ၏ တစ်နေ့တာ ရေနံသုံးစွဲမှု၏ ဖ၀ ရာခိုင်နှုန်းဖြစ်ကြောင်း ဂျပန်စက်မှုဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

မက္ကဆီကို၏ ရေနံထုတ်လုပ်မှုသည် မကြာသေးမီနှစ်များအတွင်း လျော့ကျခဲ့ပြီး နိုင်ငံ၏ ပိုလျှံနေသော ရေနံပမာဏ အတိအကျထုတ်ပြန်ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

## ကမ္ဘာ့အကြီးဆုံး ပေကျင်းမော်တော်ကားပြပွဲကြီး၌ ပျံသန်းနိုင်သော ကားဒီဇိုင်းများကို ခင်းကျင်းပြသ



ပေကျင်း ဧပြီ ၂၅

ကမ္ဘာ့အကြီးဆုံး ပေကျင်း မော်တော်ကားပြပွဲကြီးသို့ ဧပြီလ ၂၄ ရက်တွင် လူပေါင်း ထောင်ချီ၍ တိုးဝှေ့ဝင်ရောက်ခဲ့ကြပြီး ပြင်းထန်သော ဈေးကွက်ပြိုင်ဆိုင်မှုအတွင်း တရုတ်မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီများက လျှပ်စစ်ကားများ၊ ဉာဏ်ရည်တုနည်းပညာ၊ လူသားပုံတူစက်ရုပ်များနှင့် ပျံသန်းနိုင်သော ကားဒီဇိုင်းများကို ခင်းကျင်းပြသခဲ့ကြကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပေကျင်းမြို့တော်ရှိ ကျယ်ဝန်းလှသော နိုင်ငံတကာပြပွဲစင်တာအတွင်းရှိ တောက်ပပြောင်လက်နေသော ကားမော်ဒယ်သစ်များရှေ့တွင် အွန်လိုင်းသြဇာရှိသူများက ဝတ်စုံများလဲလှယ်၍ ဓာတ်ပုံရိုက်ကူးလျက်ရှိကြပြီး ကုမ္ပဏီအမှုဆောင်ချုပ်များကလည်း အယ်လ်အီးဒီဖန်သားပြင်ကြီးများရှေ့တွင် လူအုပ်ကြီးကို စိတ်ဝင်စားဖွယ် ရှင်းလင်းတင်ပြကြသည်။

ယခင်က တရုတ်နိုင်ငံတွင် ဖောက်စ်ဝက်ဂန်၊ တိုယိုတာနှင့် ဘီအမ်ဒဗလျူကဲ့သို့သော ပြည်ပအစဉ်အလာကြီးမားသည့် အမှတ်တံဆိပ်များက လွှမ်းမိုးထားခဲ့သော်လည်း လွန်ခဲ့သောနှစ်များအတွင်း လျှပ်စစ်ကားတော်လှန်ရေးတွင် အသာစီးရကာ ဈေးနှုန်းသက်သာစွာဖြင့် ထိုးဖောက်လာသည့် ပြည်တွင်းကုမ္ပဏီများကြောင့် ဈေးကွက်ဝေစုများ ဆုံးရှုံးခဲ့ရသည်။

ဘီဝိုင်ဒီ၊ ရှောင်မီနှင့်ရှပင်းတို့အပါအဝင် တရုတ်နိုင်ငံမှ ထုတ်လုပ်သူများသည် ယခုအခါ လျှပ်စစ်ကားများတွင် ဉာဏ်ရည်တုဆော့ဖ်ဝဲနှင့် အလိုအလျောက်မောင်းနှင်စနစ် နည်းပညာများ ထည့်သွင်းပေါင်းစပ်မှု၌ ရှေ့တန်းမှ ဦးဆောင်နေကြောင်း သိရသည်။ Mon

မနီလာ ဧပြီ ၂၅

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာသည် လာမည့်လတွင် ဂျပန်နိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ်အဖြစ် သွားရောက်မည်ဖြစ်ကြောင်း၊ ဆယ်စုနှစ်တစ်ခုကျော်အတွင်း ဖိလစ်ပိုင်သမ္မတတစ်ဦး၏ ပထမဆုံးသော ဂျပန်ခရီးစဉ်ဖြစ်ပြီး နှစ်နိုင်ငံအကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နေချိန်တွင် သွားရောက်ခြင်းဖြစ်ကြောင်း စီအင်န်အေသတင်းဌာနကဖော်ပြသည်။

**INTERNATIONAL NEWS**

**နိုင်ငံတကာသတင်းများ**

## ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာ လာမည့်လတွင် ဂျပန်သို့ နိုင်ငံတော်အဆင့်ခရီးစဉ်အဖြစ် သွားရောက်မည်

မေ ၂၆ ရက်မှ ၂၉ ရက် အထိကြာမြင့်မည့် အဆိုပါခရီးစဉ်အတွင်း ဂျပန်ဧကရာဇ် နာရူဟီတိုနှင့်မိဖုရား မာဆာကိုတို့သည် သမ္မတမားကို့စ်နှင့် ဇနီးဖြစ်သူ လူဝီစ်တို့အား လက်ခံတွေ့ဆုံမည်ဖြစ်ကာ ဖိလစ်ပိုင်ခေါင်းဆောင်သည် ဝန်ကြီးချုပ် တာကာအီချီနှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း နန်းတော်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သမ္မတမားကို့စ်နှင့်ဝန်ကြီးချုပ် တာကာအီချီတို့နှစ်ဦးသည် ဖိလစ်ပိုင်-ဂျပန် တိုးမြှင့်ထားသော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး၏ ရှေ့လုပ်ငန်းစဉ်များအပြင် အထူးသဖြင့် စွမ်းအင်၊ ရိက္ခာဖူလုံရေးနှင့် ရေကြောင်းလုံခြုံရေးဆိုင်ရာ နိုင်ငံတကာဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးကြရန် မျှော်လင့်ရကြောင်း သိရသည်။ Mon

## ဧဝရက်ဒေသရှိ ရေဘေးကြိုတင်သတိပေးရေးစနစ် ပြုပြင်ထိန်းသိမ်းမှု အားနည်းကာ သုံးမရတော့ဟု ဆို

ခတ္တမန္ဒူ ဧပြီ ၂၅

ဧဝရက်ဒေသရှိ လူပေါင်း ထောင်ချီ၏ အသက်အန္တရာယ်ကို ကာကွယ်ရန် ဒီဇိုင်းရေးဆွဲထားသော ရေဘေးကြိုတင်သတိပေးရေးစနစ်မှာ ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် လက်ရှိတွင် သုံးမရတော့ဟု နီပေါတာဝန်ရှိသူများက ဝန်ခံပြောကြားကြောင်း သိရသည်။

အန္တရာယ်ရှိသော အင်မ်ဂျာ ရေခဲမြစ်အိုင်အတွင်းမှ ရေများကို ၂၀၁၆ ခုနှစ်တွင် နောက်ဆုံးအကြိမ် ဖောက်ထုတ်ခဲ့ပြီးနောက်ပိုင်း ကုလသမဂ္ဂက ကူညီပံ့ပိုးထားသော အဆိုပါစီမံကိန်းကို နှစ်ပေါင်းများစွာကြာသည်အထိ စစ်ဆေးမှုတစ်စုံတစ်ရာ ပြုလုပ်ခြင်းမရှိတော့ကြောင်း ဒေသခံရှာပါးအဖွဲ့အစည်းများက ရှင်းလင်းပြောကြားပြီးနောက် ယင်းကဲ့သို့ ထုတ်ဖော်ပြောဆိုမှုများ ထွက်ပေါ်လာခြင်းဖြစ်သည်။

ထို့ပြင် ရေကန်၏ ရေမျက်နှာပြင်အခြေအနေကို တိုင်းတာ၍ ဒေသခံများ၏ လက်ကိုင်ဖုန်းများသို့ သတိပေးချက်များ ပေးပို့နိုင်ရန် အသုံးပြုသည့် ဂြိုဟ်တုအချက်အလက် လက်ခံစနစ်မှာလည်း ယုံကြည်စိတ်ချရမှု မရှိတော့ကြောင်း နီပေါနိုင်ငံ ဇလဗေဒနှင့် မိုးလေဝသဦးစီးဌာနမှ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0



## တီယန်ဝမ်-၃ အင်္ဂါဂြိုဟ်သွား လူမဲ့အာကာသယာဉ်ခရီးစဉ်တွင် ကိရိယာငါးခုနှင့် သုတေသနပစ္စည်းများ သယ်ဆောင်သွားမည်



ပေကျင်း ဧပြီ ၂၅

တရုတ်နိုင်ငံ၏ တီယန်ဝမ်-၃ အင်္ဂါဂြိုဟ်သွား လူမဲ့အာကာသယာဉ်ခရီးစဉ်တွင် ဟောင်ကောင်၊ မကာအိုနှင့် ပြည်ပသုတေသနအဖွဲ့အစည်းများမှ သိပ္ပံပညာရှင်များ တည်ဆောက်ထားသည့် သိပ္ပံနည်းကျကိရိယာငါးခု အပါအဝင် အခြားသော သုတေသနပစ္စည်းများစွာကို သယ်ဆောင်သွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စီချွမ်းပြည်နယ်၏ မြို့တော်ဖြစ်သော ချန်ဒူးမြို့တွင် ကျင်းပသည့်(၁၁)ကြိမ်မြောက် အာကာသနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အဆိုပါပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းငါးခုသည် သိပ္ပံပညာရပ်ဆိုင်ရာ တန်ဖိုးကြီးမားပြီး တီယန်ဝမ်-၃ ခရီးစဉ်အတွက် အရေးပါသော အထောက်အပံ့များဖြစ်သည့်အပြင် နည်းပညာပိုင်းအရလည်း အဆင့်မြင့်မားပြီး အောင်မြင်နိုင်ခြေရှိကြောင်း အတည်ပြုကြေညာသည်။


တီယန်ဝမ်-၃ ယာဉ်၏ ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိမည့် အစိတ်အပိုင်းတွင် အမိကလုပ်ဆောင်ချက် သုံးခုပါဝင်မည်ဖြစ်ပြီး နိုင်ငံတကာအာကာသသုတေသနကော်မတီ၏ ဦးဆောင်မှုဖြင့် တည်ဆောက်ထားသော စပက်ထရိုမီတာကိရိယာသည် အင်္ဂါဂြိုဟ်ပေါ်ရှိ သက်ရှိခြေရာများကို ရှာဖွေခြင်းနှင့် မျက်နှာပြင်ရှိ သတ္တုဓာတ်ဖွဲ့စည်းပုံများကို စစ်ဆေးခြင်းတို့ ပြုလုပ်မည်ဖြစ်သည်။

ထို့ပြင် မကာအိုသိပ္ပံနှင့်နည်းပညာတက္ကသိုလ်က တည်ဆောက်ထားသော လေ့လာရေးကိရိယာသည် အင်္ဂါဂြိုဟ်လေထုအတွင်းမှ မော်လီကျူးအိုင်ယွန်များ လွင့်စင်ထွက်ခွာမှု ဖြစ်စဉ်ကို စောင့်ကြည့်မည်ဖြစ်ပြီး ဟောင်ကောင်တရုတ်တက္ကသိုလ်က ထုတ်လုပ်ထားသော စပက်ထရိုမီတာကိရိယာက အင်္ဂါဂြိုဟ်လေထုအတွင်းရှိ ရေအိုင်ဆိုတုပ်များ၏ ဒေါင်လိုက်ပျံ့နှံ့မှုနှင့်လေတိုက်ခတ်မှု အခြေအနေများကို တိုင်းတာစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ Mon

○ စာမျက်နှာ ၂၄ မှ

အင်အားအလုံးအရင်းဖြင့် မြို့လုံခြုံရေး ဆောင်ရွက်နေသည့် နယ်မြေခံတပ်ရင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ထိုသို့တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျည်တစ်တောင့်၊ လူတစ်ယောက်ကျန်သည်အထိ တိုက်ရဲသည့်စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်များဖြင့် အသက်ကို ပဓာနမထားဘဲ ရဲရဲဝံ့ဝံ့ဖြင့် ပြန်လည်ခုခံတွန်းလှန်ခဲ့ကြသော်လည်း အကြမ်းဖက်သမားများအနေဖြင့် အတင်းအဓမ္မခြိမ်းခြောက် လူသစ်စုဆောင်းခြင်းဖြင့် ရရှိလာသော သာလွန်အင်အားများကိုအသုံးပြုကာ ဒေသခံတိုင်းရင်းသားပြည်သူလူထုအား လူသားတံတိုင်းအဖြစ် အသုံးချ၍ တိုက်ခိုက်လာခြင်းတို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တိုင်းရင်းသားပြည်သူများ ထိခိုက်မှုမရှိစေရန်နှင့် ပြည်သူလူထု၏ နေအိမ်များ၊ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေးအတွက် ထိန်းထိန်းသိမ်းသိမ်းဖြင့် ခုခံခဲ့သည်။ ထိုသို့ စစ်ဆင်ရေးကာလခြောက်လကြာမျှခုခံခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ထိခိုက်၊ ဒဏ်ရာရရှိမှု များပြားလာမှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စစ်နည်းဗျူဟာမြောက် ကြားခံစစ်အဆင့်ဆင့်ဖြင့် ၂၀၂၅ ခုနှစ် မေလ ၆ ရက်နေ့တွင် စနစ်တကျဆုတ်ခွာခဲ့ရသဖြင့် အကြမ်းဖက်သောင်းကျန်းသူများသည် ဖလမ်းမြို့အား ယာယီစိုးမိုးခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ချင်းပြည်နယ် ခရိုင်မြို့တော်ကြီးတစ်ခုဖြစ်သည့် ဖလမ်းမြို့အား အမြန်ဆုံးပြန်လည်သိမ်းပိုက်ရရှိနိုင်ရေးနှင့် CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းနိုင်ရေးအတွက် ကလေးမြို့နှင့် တီးတိန်မြို့တို့၌လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများနှင့် အုပ်ချုပ်ထောက်ပံ့မှုများကို ဖြည့်တင်းဆောင်ရွက်ခဲ့ပြီး မြေပြင်/ဝေဟင် ဟန်ချက်ညီပေါင်းစပ်စုဖွဲ့၍ စစ်ကြောင်းများခွဲပြီး နယ်မြေရှင်းလင်းခြင်းများ စတင်ခဲ့ကာ တန်ပြန်တိုက်စစ်များ တစ်ဆင့်ပြီးတစ်ဆင့် ခြေကုပ်ယူထိုးဖောက်တိုက်ခိုက်ခဲ့ရာ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော သာယာကုန်းကျေးရွာအားလည်းကောင်း၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင်နတ်ချောင်းတံတားအားလည်းကောင်း၊


တပ်မတော်စစ်ကြောင်းများက CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖလမ်းမြို့အား အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်။

နိုဝင်ဘာလ ၃ ရက်နေ့တွင် ပွိုင့်-၂၂၄၄ တောင်ကုန်းအားလည်းကောင်း၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် ကနေဒီတောင်နှင့်ဝေဘူလစခန်းတို့အားလည်းကောင်း၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပွိုင့် -၂၀၆၄ တောင်ကုန်းအားလည်းကောင်း၊နိုဝင်ဘာလ ၉ ရက်နေ့တွင်သိုင်းငင်းစခန်းအားလည်းကောင်း၊ စာမျက်နှာ ၁၀ သို့ ○


ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးအား ပြန်လည်သိမ်းပိုက်ရရှိစဉ်။


နယ်မြေခံတပ်ရင်းဌာနချုပ်အား ပြန်လည်သိမ်းပိုက်ရရှိစဉ်။


ဖလမ်းမြို့ ဆူရှိဘုန်လေဆိပ်အား သိမ်းပိုက်ရရှိစဉ်။


ဖလမ်းမြို့ရှိ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုသင်တန်းကျောင်းအား သိမ်းပိုက်ရရှိစဉ်။


အကြမ်းဖက်သောင်းကျန်းသူများ ယာယီခံစစ်စခန်း ပြုလုပ်ကာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးကို တွေ့ရစဉ်။


အကြမ်းဖက်သောင်းကျန်းသူများ ယာယီခံစစ်စခန်း ပြုလုပ်ကာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဖလမ်းမြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံများကို တွေ့ရစဉ်။




အကြမ်းဖက်သောင်းကျန်းသူများ ဖလမ်းမြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံ၊ ဘာသာရေးအဆောက်အအုံများနှင့် လူနေအဆောက်အအုံများအတွင်း ဘန်ကာများပြုလုပ်၍ ယာယီခံစစ်စခန်းပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများ ဖလမ်းမြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံ၊ ဘာသာရေးအဆောက်အအုံများနှင့် လူနေအဆောက်အအုံများအတွင်း ဘန်ကာများပြုလုပ်၍ ယာယီခံစစ်စခန်းပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။


CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် ခဲယမ်းများကို တွေ့ရစဉ်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



နေပြည်တော် ဧပြီ ၂၅

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး တို့အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတွမ်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်း ရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆို ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆို ဂုဏ်ပြုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

---

○ စာမျက်နှာ ၉ မှ

နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ပို့င့် ၁၃၆၁ တောင်ကုန်းအား လည်းကောင်း၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ဇောင်ကောင်ကျေးရွာအား လည်းကောင်း၊ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ဖွယ်လေကျေးရွာအား လည်းကောင်း၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ထင်းရှူးစခန်းကျေးရွာအား လည်းကောင်း၊ မတ်လ ၃၁ ရက်နေ့တွင် ပါသဲကျေးရွာအားလည်းကောင်း၊ ဧပြီလ ၁၉ ရက်နေ့တွင် ဗားတံတားအားလည်းကောင်း၊ ဧပြီလ ၂၂ ရက်နေ့တွင် ခွန်လီကျေးရွာအား လည်းကောင်း၊ ဧပြီလ ၂၃ ရက်နေ့တွင် ပို့င့် ၁၇၁၀ တောင်ကုန်း၊ ကြောင်ဟင်ရှာကျေးရွာနှင့် ဆွန်ဟရန်ကျေးရွာတို့အား လည်းကောင်း၊ ဧပြီလ ၂၄ ရက်နေ့ တွင် ဆူရဲဘုန်လေဆိပ်နှင့် ဆီဇာမော်ကျေးရွာတို့အားလည်းကောင်း အသီးသီးအောင်မြင်စွာ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဧပြီ ၂၅ ရက်နေ့တွင် အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် ဖလမ်းမြို့အား တပ်မတော်စစ်ကြောင်းများက အပြီးတိုင် အလုံးစုံ ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့သည်။

## အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့

ထိုသို့ အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ၏ နေရပ်ဇာတိ အိုးအိမ်နေရာများ၌ စိတ်အေးချမ်းသာစွာ ပြန်လည်နေထိုင်လိုသည့် ဆန္ဒ၊ အကြမ်းဖက်သောင်းကျန်းသူများ၏ အသက်အန္တရာယ်ရန်ပြုမှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှု၊ ထိတ်လန့်ကြောက်ရွံ့နေရမှုဘေးမှကင်းဝေးပြီး ၎င်းတို့၏ လူမှုစီးပွားဘဝအတွက် အေးချမ်းစွာ ရှာဖွေလုပ်ကိုင်စားသောက်လိုသည့် စိတ်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်သည်။

တပ်မတော်စစ်ကြောင်းများက ဖလမ်းမြို့နှင့်အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏အသက်ကို ပဓာနမထားဘဲ ရှုပ်ရှုပ်ချုံချုံ အဆင့်ဆင့် ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/တိုက်ပွဲငယ် ထိတွေ့မှု စုစုပေါင်း ၁၀၉ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၉ လောင်း၊ လက်နက်မျိုးစုံ ၃၃ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာအသက်ပေးလှူခဲ့ရသည်။

CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ဖလမ်းမြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ယာယီစိုးမိုးထားစဉ် မြို့/ရွာများအတွင်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်း၊ နေအိမ်များနှင့် ဈေးဆိုင်ခန်းများအားဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်းများလုပ်ဆောင်ခဲ့သဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအပါအဝင် ဒေသခံတိုင်းရင်းသားများအနေဖြင့်လည်း အကြမ်းဖက်သမားများအား စက်ဆုပ်ရွံရှာမုန်းတီးခြင်းနှင့်အတူ ဆင်းရဲမှုဘေးဒုက္ခကြီးစွာဖြင့် နီးစပ်ရာမြို့ရွာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဖလမ်းမြို့အတွင်းသို့ ယာယီ နေရပ်စွန့်ခွာနေကြရသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား အန္တရာယ်ကင်းရှင်းစွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ အမြန်ဆုံးလည်ပတ်နိုင်ရေးနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာရက်စက်စွာ လုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းများအား ဦးစားပေးရှင်းလင်းဖော်ထုတ်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ/ ဆေးခန်းများ၊ ရုံး/ဌာနအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများနှင့် လူနေအိမ်များအား ဒေသခံတိုင်းရင်းသားများနှင့်ပူးပေါင်း၍ အမြန်ဆုံး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ချင်းပြည်နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများ လုံးဝကင်းစင်ပပျောက်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter– Terrorism Operation)ကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်ရန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ဖိတ်ခေါ်လျက်ရှိသည်။ ထို့ကြောင့် PDF အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးအနေဖြင့် လမ်းကြောင်းမှန်ကို လျှောက်လှမ်းနိုင်ရန် အခွင့်အရေးတစ်ခုအနေဖြင့် စဉ်းစားချိန်တန်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်





CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ အလောင်းများ။



CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ထံမှ သိမ်းပိုက်ရရှိသည့် လက်နက်ခဲယမ်းများ။



CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ထံမှ သိမ်းပိုက်ရရှိသည့် လက်နက်ခဲယမ်းများ။



CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ထံမှ သိမ်းပိုက်ရရှိသည့် ခဲယမ်းများ။

# နိုင်ငံတကာ အားကစား သတင်းများ

## မီလီတို ပေါင်ဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိ

**မက်ဒရစ် ဧပြီ ၂၅**

ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစားသမား မီလီတို ပေါင်ဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ နောက်ခံကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းက အလာဗက်စ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား မီလီတို ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမား မီလီတိုသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၄ပွဲကစားပြီး ၁၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

**(အောက်ပုံ) (NGB)**



## မိုက်ကယ်ကိန်း အဲဗာတန်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဧပြီ ၂၅**

အဲဗာတန်အသင်းသည် အသင်းဝါရင့် နောက်ခံကစားသမား မိုက်ကယ်ကိန်းကို ၂၀၂၇ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် အဲဗာတန်အသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၅၉ပွဲကစားပြီး ၁၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ မိုက်ကယ်ကိန်းက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုပြီးပါပြီ။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေလည်း ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

**(အောက်ဝဲပုံ) (NGB)**



## 2026 Oeiras Open CETO တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Fiona Ferro တက်ရောက်

**လန်ဒန် ဧပြီ ၂၅**

ပေါ်တူဂီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Oeiras Open CETO တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ပြင်သစ်တင်းနစ်မယ် Fiona Ferro တက်ရောက်ခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ်မယ် Fiona Ferro သည် 2026 Oeiras Open CETO တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် Elena Pridankina အား ၇-၆၊ ၆-၁ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

2026 Oeiras Open CETO တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပြင်သစ်တင်းနစ်မယ် Fiona Ferro နှင့် ပိုလန်တင်းနစ်မယ် Linda Klimovicova တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**





## လိုက်ပဇစ်အသင်းက ယူနီယံဘာလင်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**မြူးနစ် ဧပြီ ၂၅**

ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက လိုက်ပဇစ်အသင်းနှင့် ယူနီယံဘာလင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လိုက်ပဇစ်အသင်းက ယူနီယံဘာလင်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လိုက်ပဇစ်အသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၂၂မိနစ်တွင် ဖင့်ဂရပ်ဖီ၊ ပွဲချိန် ၂၅မိနစ်တွင် ရိုမူလို၊ ပွဲချိန် ၆၃မိနစ်တွင် ဘာကူတို့က အသီးသီးသွင်းယူပေးခဲ့သည်။

လိုက်ပဇစ်အသင်းသည် ဘွန်ဒက်လီဂါပွဲစဉ် (၃၁)ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၆၂ မှတ်ဖြင့် အဆင့် (၃)နေရာတွင် ရပ်တည်ခဲ့သည်။**(အပေါ်ပုံ)(NGB)**

## အန်ဇိုဖာနန်ဒက်ဇ်အား ခေါ်ယူရန် မန်စီးတီးအသင်းစီစဉ်

**လန်ဒန် ဧပြီ ၂၅**

မန်စီးတီးအသင်းသည် ချဲလ်ဆီးအသင်းနှင့် အဆင်မပြေဖြစ်နေသည့် ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ဇ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၃ပွဲကစားပြီး ၂၈ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ဇ်ကိုယ်တိုင်ကလည်း ချဲလ်ဆီးအသင်းနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာလိုလျက်ရှိသည်။

ထို့ကြောင့် မန်စီးတီးအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ချဲလ်ဆီးအသင်းထံမှ အန်ဇိုဖာနန်ဒက်ဇ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**



### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၆-၄-၂၀၂၆<br>ညနေ၆း၃၀နာရီ | (၁၁) ဗယ်လက်ကာနို - ဆိုစီဒက် (၈)<br>(W,W,L,L,W) (L,W,D,W,L) | ဗယ်လက်ကာနို ၂-၂ ဆိုစီဒက်<br>ဆိုစီဒက် ၃-၁ ဗယ်လက်ကာနို |
| ၂၆-၄-၂၀၂၆<br>ည၈း၄၅နာရီ | (၂၀) အိုဗီဒို - အယ်လ်ချီ (၁၅)<br>(W,L,W,W,D) (W,W,L,W,W) | ——— |
| ၂၆-၄-၂၀၂၆<br>ည၁၁း၀၀နာရီ | (၁၀) အိုဆာဆူနာ - ဆီဗီလာ (၁၇)<br>(L,W,D,D,L) (L,L,L,W,L) | အိုဆာဆူနာ ၁-၀ ဆီဗီလာ<br>ဆီဗီလာ ၁-၁ အိုဆာဆူနာ |
| ၂၇-၄-၂၀၂၆<br>နံနက်၀၁း၃၀နာရီ | (၃) ဗီလာရီးရဲလ် - ဆဲလ်တာဗီဂို (၇)<br>(D,W,L,W,D) (W,L,L,L,L) | ဗီလာရီးရဲလ် ၄-၃ ဆဲလ်တာဗီဂို<br>ဆဲလ်တာဗီဂို ၃-၀ ဗီလာရီးရဲလ် |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၆-၄-၂၀၂၆<br>ည၇း၃၀နာရီ | (၉) လိုရီယန့် - စထရာဘော့စ် (၈)<br>(W,L,D,L,W) (W,L,W,L,L) | လိုရီယန့် ၁-၂ စထရာဘော့စ်<br>စထရာဘော့စ် ၁-၃ လိုရီယန့် |
| ၂၆-၄-၂၀၂၆<br>ည၉း၄၅နာရီ | (၁၄) လီဟာဗာ - မက်ဇ် (၁၈)<br>(D,L,D,D,D) (L,D,D,L,L) | လီဟာဗာ ၀-၁ မက်ဇ်<br>မက်ဇ် ၀-၀ လီဟာဗာ |
| ။ | (၁၁) ပါရီ - လိုင်လီ (၄)<br>(D,W,D,W,W) (LW,W,W,D) | ——— |
| ။ | (၅) ရင်းနက်စ် - နန့်တက်စ် (၁၇)<br>(L,D,W,W,W) (L,D,D,D,L) | ရင်းနက်စ် ၂-၁ နန့်တက်စ်<br>နန့်တက်စ် ၁-၀ ရင်းနက်စ် |
| ၂၇-၄-၂၀၂၆<br>နံနက်၀၁း၁၅နာရီ | (၆) မာဆေးလ် - နိစ် (၁၅)<br>(W,L,L,W,L) (L,L,D,D,W) | မာဆေးလ် ၂-၀ နိစ်<br>နိစ် ၂-၀ မာဆေးလ် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၆-၄-၂၀၂၆<br>ညနေ၅း၀၀နာရီ | (၁၅) ဖီအိုရင်တီးနား - ဆက်ဆူအိုလို (၁၀)<br>(W,L,W,W,D) (L,D,W,L,W) | ဖီအိုရင်တီးနား ၅-၁ ဆက်ဆူအိုလို<br>ဆက်ဆူအိုလို ၁-၀ ဖီအိုရင်တီးနား |
| ၂၆-၄-၂၀၂၆<br>ည၇း၃၀နာရီ | (၁၃) ဂျီနိုအာ - ကိုမို (၅)<br>(W,L,L,W,W) (W,D,L,L,L) | ဂျီနိုအာ ၁-၁ ကိုမို<br>ကိုမို ၁-၀ ဂျီနိုအာ |
| ၂၆-၄-၂၀၂၆<br>ည၁၀း၀၀နာရီ | (၁၂) တိုရီနို - အင်တာမီလန် (၁)<br>(W,L,W,W,D) (D,W,W,W,W) | တိုရီနို ၀-၂ အင်တာမီလန်<br>အင်တာမီလန် ၅-၀ တိုရီနို |
| ၂၇-၄-၂၀၂၆<br>နံနက်၀၁း၁၅နာရီ | (၃) အေစီမီလန် - ဂျူဗင်တပ် (၄)<br>(L,W,L,L,W) (W,D,W,W,W) | အေစီမီလန် ၀-၀ ဂျူဗင်တပ်<br>ဂျူဗင်တပ် ၂-၀ အေစီမီလန် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၆-၄-၂၀၂၆<br>ည၈း၀၀နာရီ | (၄) စတုဂတ် - ဝါဒါဘရီမင် (၁၅)<br>(W,L,W,L,W) (L,W,L,L,W) | စတုဂတ် ၁-၂ ဝါဒါဘရီမင်<br>ဝါဒါဘရီမင် ၂-၂ စတုဂတ် |
| ၂၆-၄-၂၀၂၆<br>ည၁၀း၀၀နာရီ | (၂) ဒေါ့မွန် - ဖရိုင်းဘတ် (၇)<br>(W,W,W,L,L) (W,W,W,W,L) | ဒေါ့မွန် ၄-၀ ဖရိုင်းဘတ်<br>ဖရိုင်းဘတ် ၁-၄ ဒေါ့မွန် |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၆-၄-၂၀၂၆<br>ညနေ၅း၃၀နာရီ | (၁) ကိုဗင်ထရီ - ဝက်ရဟမ်း (၆)<br>(W,D,D,D,W) (D,L,L,W,W) | ——— |

### အင်္ဂလိပ်အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၂၆-၄-၂၀၂၆<br>ည၁၀း၄၅နာရီ | ချဲလ်ဆီး - လိဒ်စ်<br>(ပရီးမီးယားလိဂ်-၈) (ပရီးမီးယားလိဂ်-၁၅) | ချဲလ်ဆီး ၂-၂ လိဒ်စ်<br>လိဒ်စ် ၃-၁ ချဲလ်ဆီး |



## မူလတန်းပြဆရာ၊ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**တောင်ကြီး ဧပြီ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ရေအေးကွင်း ရပ်ကွက်ရှိ အမှတ်(၅)အခြေခံ ပညာအထက်တန်းကျောင်း၊ စိန်မြင်းမိုရ်ခန်းမ၌ ဧပြီ ၂၃ ရက် မွန်းလွဲ ၃ နာရီက မူလတန်းပြ ဆရာ၊ ဆရာမများ အင်္ဂလိပ်စာ အရည်အသွေးမြှင့်သင်တန်း ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့် ပြည်နယ်လူမှု ရေးရာဝန်ကြီး ဒေါ်နန်းခမ်းလှုတို့ က သင်တန်းအတွက် ထောက်ပံ့ ငွေများ ပေးအပ်ပြီး ပြည်နယ် ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်ယဉ်မင်းစု၊အင်္ဂလိပ် စာ အရည်အသွေးမြှင့်သင်တန်း (Main Course)နှင့် ပတ်သက် သည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တောင်ကြီး တက္ကသိုလ်၊ အင်္ဂလိပ်စာဌာန၊ ပါမောက္ခ(ဌာနမှူး) ဒေါက်တာ မြမြဝင်းက သင်ကြားရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်း သား၊ သင်တန်းသူများကို နှုတ် ဆက်အားပေးစကား ပြောကြား သည်။

အဆိုပါ မူလတန်းပြဆရာ၊ ဆရာမများ အင်္ဂလိပ်စာအရည် အသွေးမြှင့်သင်တန်းသို့ မူလတန်း ပြ ဆရာ၊ ဆရာမ ၁၀၀ ဦးတက် ရောက်ပြီး သင်တန်းတွင် အင်္ဂလိပ် စာဘာသာရပ်ကို မေ ၂၂ ရက် အထိ ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၆၈)**

## နွေသီးနှံစုံ ၄၃၈၈ ဧက စိုက်ပျိုးပြီးဖြစ်

**ကျောက်ဆည် ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည် မြို့နယ်၌ နွေသီးနှံများ စိုက်ပျိုး ရာတွင် ဆည်ရေသောက်စနစ်ကို အဓိကထား စိုက်ပျိုးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ် နွေရာသီ၌ မင်းရဲ၊ သင်းတွဲ စိုက်ပျိုးရေ မြောင်းများဖြင့် ကျေးရွာအုပ်စု ၅ အုပ်စုတွင် နွေသီးနှံစုံ ၄၃၈၈ ဧက စိုက်ပျိုးပြီးဖြစ်သည်။

ထိုသို့စိုက်ပျိုးရာ၌ အရှေ့ ငယ်တိုးကျေးရွာအုပ်စုတွင် မင်းရဲ မြောင်းရေဖြင့် နွေနှမ်း ၆၆၉ ဧက၊ သင်းတွဲမြောင်းရေဖြင့် နွေ စပါး ၁၂၂ ဧက၊ နွေနှမ်း ၁၀၁၆ ဧက၊ မိုးကြိုပဲတီစိမ်း ၇၃ ဧက၊ ဟင်းသီးဟင်းရွက် ၁၀၆ ဧက၊ ထန်းဇင်တော်ကျေးရွာအုပ်စုတွင် မင်းရဲမြောင်းရေဖြင့် နွေစပါး ၂၁ ဧက၊ နွေနှမ်း ၅၉ ဧက၊ သင်းတွဲ မြောင်းရေဖြင့် နွေစပါး ၆၂ ဧက၊ သင်းတွဲမြောင်းရေဖြင့် ၇၂ ဧက၊ ၄ ကွတောင်ကျေးရွာအုပ်စုတွင် မင်းရဲမြောင်းရေဖြင့် နွေစပါး ခြောက်ဧက၊ နွေနှမ်း ၃၆ ဧက၊ မိုးကြိုပဲတီစိမ်း သုံးဧက၊ သင်းတွဲ မြောင်းရေဖြင့် နွေစပါး ၇၆ ဧက၊ နွေနှမ်း ၇၈၂ ဧက၊ မိုးကြိုပဲတီစိမ်း ၃၁ ဧက၊ ရွှေဒါးကျေးရွာအုပ်စု တွင် သင်းတွဲမြောင်းရေဖြင့် ၄၁၇ ဧက၊ မိုးကြိုပဲတီစိမ်း ၈၃ ဧက၊ ဟင်းသီးဟင်းရွက် ၇၃ ဧက၊ ရဲ ဘော်ကြီးကျေးရွာအုပ်စုတွင် သင်း တွဲမြောင်းရေဖြင့် နွေနှမ်း ၅၄၄ ဧက၊ မိုးကြိုပဲတီစိမ်း ၁၂၇ ဧက၊ ဟင်းသီးဟင်းရွက် ၁၀ ဧက စုစု ပေါင်း ၄၃၈၈ ဧက စိုက်ပျိုးပြီး ကြောင်း သိရသည်။**(အောက်ပုံ)**

နွေသီးနှံများအောင်မြင်ရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံး ချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများကို ရေမြောင်းများ အလိုက် အလှည့်ကြစနစ်ဖြင့် လုံလောက်စွာ ပေးဝေလျက်ရှိ ကြောင်း သိရသည်။ **(၄၈၅)**



## တောင်သူပညာပေးဆွေးနွေးပွဲနှင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာရောစပ်ကြဲပက်ပွဲ ပြုလုပ်

**မန္တလေး ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု၊ သာလှ အေးကျေးရွာ ရွာဦးဓမ္မာရုံတွင် အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာနမှ ကျင်းပသော နွေသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ဓာတ်မြေဩဇာ စပေါင်းရောင်း ချပွဲ၊ တောင်သူပညာပေးဆွေးနွေး ပွဲနှင့် သဘာဝမြေဩဇာနှင့် ဓာတ် မြေဩဇာ(သုံးအချိုးတစ်)ရောစပ် ကြဲပက်ပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အမရပူရ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်း က အဖွင့်အမှာစကားပြောကြား ခဲ့သည်။ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးမျိုးလှိုင်က ဓာတ် မြေဩဇာ ရောင်းချပေးရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်း ပြောကြားပြီး စိုက်ပျိုးရေးဦးစီး ဌာနမှ ဒုတိယလက်ထောက်ဦးစီး မှူး ဒေါ်ဇင်သီယာဦးက နွေစပါး ပန်းတိုင် အထွက်နှုန်းရရှိအောင် ဆောင်ရွက်မည့်နည်းလမ်းများအား ရှင်းလင်းဆွေးနွေးခဲ့သည်။ တက် ရောက်လာသော တောင်သူများမှ လိုအပ်ချက်များအား တင်ပြခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေ ရှင်းပေးခဲ့ကြသည်။

ယနေ့ ဓာတ်မြေဩဇာ စပေါင်းရောင်းချပွဲနှင့် သဘာဝ မြေဩဇာနှင့် ဓာတ်မြေဩဇာ ရောစပ်ကြဲပက်ပွဲကို အမရပူရ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ အမရပူရမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦး၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာန၊ ဦးစီးမှူး ဦးမျိုးဇော်ဝင်း၊ စက်မှုလယ်ယာ ဦးစီးမှူး ဦးသွယ်မောင်မောင်ထွန်း၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမောင်ဇော်၊ ဖိတ်ကြားထား သော တောင်သူများ စုစုပေါင်း ၆၅ ဦးခန့် တက်ရောက်ခဲ့ကြပြီး သဘာဝမြေဩဇာနှင့် ဓာတ်မြေ ဩဇာ လက်တွေ့ရောစပ်ကြဲပက် နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(အောက်ပုံ)**

**စိုးသီဟ(အမရ)**



## အပူရှောင်စခန်းများ ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိ

**စစ်ကိုင်း ဧပြီ ၂၅**

စစ်ကိုင်းမြို့တွင် အပူရှောင် စခန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ



အား ယမန်နေ့ နံနက်ပိုင်းက ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း နှင့် တာဝန်ရှိသူများက လိုက်လံ ကြည့်ရှု၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါအပူရှောင်စခန်းများ ကို မြို့တော်ခန်းမ၊ ရွာထောင် ဘုန်းတော်ကြီးကျောင်းနှင့် ကမ်း နားလမ်းတို့တွင် ဖွင့်လှစ်ထားရှိ မည်ဖြစ်ပြီး လုံခြုံရေးကောင်းမွန် ရေးနှင့် သန့်ရှင်းသပ်ရပ်သည့် နေရာထိုင်ခင်းများ၊ လုံလောက် သောသောက်သုံးရေ၊ အရေးပေါ် ကျန်းမာရေးဆိုင်ရာ ဆေးဝါး ပစ္စည်းများထားရှိနိုင်ရေးနှင့် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ အပူရှောင်ပြည်သူ များ စာပေဖတ်ရှုနိုင်ရန် စာ ကြည့်တိုက်ဖွင့်လှစ်ထားရှိရန် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် တာဝန်ရှိသူများ သည် စစ်ကိုင်းမြို့ပြည်သူ့ဆေးရုံ သို့ သွားရောက်၍ အပူဒဏ် ကြောင့် လူနာများ ရောက်ရှိလာ ပါက အချိန်မီ ကုသပေးနိုင်ရေး အတွက် ကြိုတင်ပြင်ဆင်ထား သည့် ဆေးဝါးနှင့် ဆေးပစ္စည်း များ၊ အရေးပေါ်ကုသရေး အစီ အစဉ်များနှင့် လူနာလက်ခံကုသ နိုင်ရေးအခြေအနေများကိုလည်း လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြ ကြောင်း သိရသည်။ **(ဝဲပုံ)**

**အေးငြိမ်းစံ(ပြန်/ဆက်)**

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပုစွန်တန်ချိန် တစ်သောင်းကျော် တင်ပို့နိုင်ခဲ့

**မန္တလေး ဧပြီ ၂၅**

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံ များသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တစ်နှစ်တာကာလ အတွင်း ပြည်ပသို့ ပုစွန်တန်ချိန် တစ်သောင်းကျော် တင်ပို့နိုင်ခဲ့ ကြောင်း ငါးလုပ်ငန်းဦးစီးဌာန၏ စာရင်းဇယားများအရ သိရသည်။

၂၀၂၅ ခုနှစ်၊ ဧပြီ ၁ ရက်မှ ၂၀၂၆ ခုနှစ်၊ မတ် ၃၁ ရက်အထိ တစ်နှစ်တာကာလအတွင်း ပြည်ပ သို့ ပုစွန်တန်ချိန် စုစုပေါင်း ၁၀၅၈၁ ဒသမ ၅၂၄ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၁၃၆ သန်း ရရှိခဲ့ခြင်း ဖြစ်ရာ ယင်းသို့တင်ပို့ရာတွင် ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ ပုစွန်တန်ချိန် ၉၅၉၃ ဒသမ ၅၉၄ တန် တင်ပို့ခဲ့ပြီး နယ်စပ်ကုန် သွယ်မှု လမ်းကြောင်းမှတစ်ဆင့် ပုစွန်တန်ချိန် ၉၈၇ ဒသမ ၉၃ တန် တင်ပို့ခဲ့ခြင်းဖြစ်သည်။

ယခုဘဏ္ဍာနှစ်အတွင်း ပုစွန်တင်ပို့မှုသည် ပြီးခဲ့သည့်နှစ် ကာလတူတင်ပို့မှုနှင့် နှိုင်းယှဉ်ပါ က သိသာစွာ တိုးတက်လာခဲ့ပြီး ပုစွန်တန်ချိန် ၁၄၃၄ ဒသမ ၉၀၉ တန် ပိုမိုတင်ပို့နိုင်ခဲ့သည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါး၊ ကဏန်း စသည့် ရေထွက် ကုန်ပစ္စည်းများကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် ဂျပန်နိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၄၀ ကျော် သို့ ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများမှ တစ်ဆင့် ပုံမှန်တင်ပို့နေသည့် အပြင် နယ်စပ်ကုန်သွယ်မှုစခန်း များမှလည်း တိုက်ရိုက်တင်ပို့ လျက်ရှိသည်။ **(အောက်ပုံ)**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အတွင်း ပြည်ပသို့ ရေထွက်ကုန် စုစုပေါင်း မက်ထရစ်တန်ချိန် ၄၆၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့သဖြင့် စုစုပေါင်း ပို့ကုန်ဝင်ငွေ အမေရိကန် ဒေါ်လာ ၆၈၉ ဒသမ ၁၅ သန်း ရရှိခဲ့ကြောင်း ငါးလုပ်ငန်းဦးစီး ဌာနမှ သိရသည်။

**(မန္တလေးနေ့စဉ်-၈)**



# သကြံန်ပိတ်ရက်အပြီး အဝယ်အေးသဖြင့် ပြည်တွင်းမတ်ပဲဈေးနှုန်းများ ပြန်လည်ကျဆင်း

**မန္တလေး ဧပြီ ၂၅**

သကြံန်ပိတ်ရက်ရှည်အပြီး ပြည်တွင်းကုန်စည်ဒိုင်များ ပြန်လည်ဖွင့်လှစ်ချိန်တွင် ဆက်တိုက်မြင့်တက်နေခဲ့သည့် မတ်ပဲဈေးနှုန်းများမှာ ငွေကျပ် ၄၀,၀၀၀ ခန့် ပြန်လည်ကျဆင်းသွားကြောင်း ပဲဈေးကွက်အတွင်းမှ သိရသည်။

ဧပြီလဆန်းပိုင်းမှစတင်ကာ အမြင့်ဈေးသို့ ဦးတည်နေခဲ့သည့် မတ်ပဲ(FAQ) ဈေးနှုန်းမှာ သကြံန်မတိုင်မီ ဧပြီ ၁၀ ရက်က တစ်တန်လျှင် ငွေကျပ် ၃,၁၆၁,၀၀၀ အထိ ပေါက်ဈေးရှိခဲ့သော်လည်း၊ ပိတ်ရက်အပြီး ဧပြီ ၂၂ ရက်တွင် တစ်တန်လျှင် ငွေကျပ် ၃,၁၂၀,၀၀၀ သို့ ကျဆင်းသွားခြင်းဖြစ်သည်။



ယခုကဲ့သို့ ဈေးနှုန်းကျဆင်းရခြင်းမှာ အဓိကတင်ပို့ရာ အိန္ဒိယနိုင်ငံ၏ ပြည်တွင်းထွက်မတ်ပဲများနှင့် ပြည်ပမှဝင်ရောက်သည့် ပဲများ အဝင်များနေခြင်းဖြစ်ကြောင်း ပဲကုန်သည်များက သုံးသပ်သည်။

"အိန္ဒိယအဝယ်အေးသွားတော့ ဈေးကွက်က လိုက်အေးသွားတာပါ။ ပြီးတော့ ပြည်တွင်းကုန်သည်တချို့ကလည်း အလုပ်တွေ အကုန်ပြန်မစနိုင်သေးတော့ အရောင်းအဝယ်က သိပ်မသွက်ဘဲ ဈေးအေးသွားတာ"ဟု ပဲကုန်သည်တစ်ဦးက ပြောကြားသည်။

ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းအနည်းငယ် အပြောင်းအလဲရှိနေသော်လည်း ပြည်ပသို့တင်ပို့သည့် FOB ဈေးနှုန်းအနေဖြင့် မတ်ပဲ (FAQ) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၉၀ မှ ၈၀၀ ကြားတွင် ဈေးငြိမ်လျက်ရှိသည်။

အိန္ဒိယနိုင်ငံက မြန်မာ့ပဲစင်းငုံကို အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့် သက်တမ်းတိုးပေးထားခြင်းကြောင့် ရေရှည်တွင် တောင်သူများနှင့် ကုန်သည်များအတွက် ဈေးကွက်အလားအလာကောင်းများ ရှိလာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မတ်ပဲနှင့် ပဲစင်းငုံစိုက်ပျိုးမှုမှာ စုစုပေါင်း ပဲစိုက်ဧက၏ ၃၅ ရာခိုင်နှုန်းကျော်ရှိပြီး၊ နှစ်စဉ် ပြည်ပသို့ အများဆုံးတင်ပို့နေသည့် အဓိကပို့ကုန်များဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-စ)



# ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး စာဖတ်ဝိုင်းကျင်းပ

**မကွေး ဧပြီ ၂၅**

မကွေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူလူထုအသိပညာဗဟုသုတရရှိရေးလုပ်ငန်းများကို ဌာန၏လုပ်ငန်း ကဏ္ဍအသီးသီးမှဆောင်ရွက်လျက်ရှိပြီး (Book Club)များဖွဲ့စည်း၍လည်းကောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးစာဖတ်ဝိုင်းများကို လစဉ် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၄ ရက် နံနက် ၁၀ နာရီက မကွေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre)ခန်းမ၌ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရေးအတွက် စာဖတ်ဝိုင်း ကျင်းပခဲ့သည်။

စာဖတ်ဝိုင်းတွင် မကွေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရေး နိုင်ငံ့ဝန်ထမ်းနည်းဥပဒေစာအုပ်ထဲတွင် ပါရှိသည့် ဆဋ္ဌမအကြိမ်ပြင်ဆင်သည့် ဥပဒေပါအချက်အလက်များအားလည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်သိမ့်ဝါက သတင်းလွှင့်တင်ရာတွင် အဓိကလိုက်နာရမည့် အခြေခံမူ ၁၅ ချက်အားလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်းသိရသည်။

(အပေါ်ပုံ)

မောင်နိုင်မင်း(ပြန်/ဆက်)

# ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံကိန်းလုပ်ငန်းဆိုင်ရာ AVIP သင်တန်း ဖွင့်လှစ်ပို့ချ

**ညောင်ဦး ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ်တွင် ကူရွာကျေးရွာနှင့် ရှင်မိန်ကျေးရွာတို့တွင် ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်သည့် စီမံကိန်း လုပ်ငန်းဆိုင်ရာ AVIP သင်တန်း ဖွင့်ပွဲကို ဧပြီ ၂၄ ရက် နံနက် ပိုင်းက အဆိုပါ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ဒေသခံ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်လာစေရန်နှင့် ကျေးရွာများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုဘဝ မြင့်မားလာစေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။




အဆိုပါ သင်တန်းကို ရက်(၁၀၀) စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ညောင်ဦးမြို့နယ် ကူရွာကျေးရွာနှင့် ရှင်မိန်ကျေးရွာတို့မှ စီမံကိန်းကော်မတီဝင်များ တက်ရောက်ခဲ့ပြီး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက (VDP)စီမံကိန်းတွင်ပါဝင်သည့် AVIP ပုံစံများနှင့် စာရင်းဇယားဖြည့်သွင်းနည်းစနစ်များ၊ ရက်(၁၀၀)စီမံချက် အသုံးစရိတ်ရေးဆွဲပြုစုခြင်းများနှင့် နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်ရမည့်အကြောင်းအရာများကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စာတွေ့လက်တွေ့ ပို့ချသင်ကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၄၅)

# ကြက်တူရွေးပဲသီးစိုက်တောင်သူများ တစ်ပိဿာ ငွေကျပ် ၄၀၀၀ ရောင်းချနေရ

**ညောင်ဦး ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် လက်ပံအိုင့်ကျေးရွာ၊ လဲ့ဂွကျေးရွာ၊ မုန့်ကုန်း၊ ညောင်ဖြူပြင်ကုန်းတဲ၊ ညောင်ချိုင်း၊ ဆပ်ပြာကျင်း၊ မကြီးတိုင်း၊ စည်ပင်သာ၊ အိုးအိုင်၊ ကင်မွန်းခြုံကျေးရွာများသည် ကြက်တူရွေးပဲသီး စိုက်ပျိုးခြင်းအား ဆောင်းကြက်သွန်နီစိုက်ချိန် သီးထပ်သီးညှပ် စိုက်ပျိုးခဲ့ပြီး ဆောင်းကြက်သွန်နီနုတ်သိမ်းပြီးချိန် အပင်ဖြစ်ထွန်းမှုကောင်းမွန်ပြီး အပွင့်ပွင့်နှုန်း၊ အသီးသီးနှုန်းကောင်းမွန်ခြင်းကြောင့် ကြက်တူရွေးပဲသီးတောင့်များ ဆွတ်ခူးရောင်းချချိန် တစ်ပိဿာငွေကျပ် ၄၀၀၀ ရောင်းချနေရကြောင်း မုန့်ကုန်းကျေးရွာ ကြက်တူရွေးပဲ စိုက်တောင်သူ ဦးနန်းတင့်ထံက သိရသည်။

ကြက်တူရွေးပဲ စတင်စိုက်ပျိုးခြင်းအား တန်ဆောင်မုန်း၊ နတ်တော်လတို့တွင် စတင် စိုက်ပျိုးခဲ့ပြီး ကြက်သွန်နီစိုက်ခင်းများအတွင်း သီးထပ်၊ သီးညှပ်ထည့်သွင်းစိုက်ပျိုးခဲ့ကြောင်း၊ အစေ့တိုက်ရိုက်မြေချစနစ်ဖြင့် စိုက်ပျိုးပြီး တစ်စေ့နှင့်တစ်စေ့ တစ်ပေအကွာ စိုက်ပျိုးကြကြောင်း၊ သုံးရက်ဖြင့် အပင်ပေါက်ကာ၊ အပင်ပေါက်ပြီး တစ်လခန့်ကြာလျှင် အဖူးအပွင့် စတင်ဖူးပွင့်ပြီး အသီးသီးကြောင်း သိရသည်။

ကြက်တူရွေးပဲသည် ရေကြိုက်ကာ ကြက်သွန်နီနုတ်သိမ်းပြီးချိန် ကြက်တူရွေးပဲသီးများ မြေဆွပေးသကဲ့သို့ ဖြစ်လာပြီး အပင်ဖြစ်ထွန်းမှု ကောင်းမွန်သည်။ ကြက်တူရွေးပဲသီးများ စတင်ပေါ်ချိန်က တစ်ပိဿာ ငွေကျပ် ၅၅၀၀ ရောင်းချခဲ့ရပြီး၊ ကြက်တူရွေးပဲ လှိုင်လှိုင်ပေါ်ချိန် တစ်ပိဿာ ငွေကျပ် ၄၀၀၀ ရောင်းချနေရခြင်းကြောင့် ကြက်တူရွေးပဲသီးထပ်၊ သီးညှပ်စိုက်ပျိုးတောင်သူများ တွက်ခြေကိုက်နေကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၁)

*- *- *- *- *



# နွေစပါးစိုက်ပျိုးသည့် တောင်သူများအား ဓာတ်မြေသြဇာ စုပေါင်းရောင်းချပွဲနှင့် စံပြကွက်စိုက်ပျိုးထားသည့် တောင်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မန္တလေး ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည) ရပ်ကွက်၊ မယ်တော်စုကွင်း၌ နွေစပါးစိုက်ပျိုးသည့်တောင်သူများအား ဓာတ်မြေသြဇာစုပေါင်းရောင်းချပွဲနှင့် စံပြကွက်စိုက်ပျိုးသည့် တောင်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဓာတ်မြေသြဇာဝယ်ယူဖြန့်ဖြူးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ ပူးပေါင်း၍ ကျင်းပခဲ့သည်။

အဆိုပါရောင်းချပွဲသို့ သီးနှံစိုက်ပျိုးသူ တောင်သူ ၁၅ဦး တက်ရောက်ခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား သဘာဝမြေသြဇာနှင့် ငါးအမိုင်နိုအက်ဆစ်အားဆေးရည်များ ထောက်ပံ့ခြင်း၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ ရောစပ် ကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲတို့ ပြုလုပ်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(အောက်ပုံ)

စင်မင်းမောင်(ပြန်/ဆက်)



ဝတ္ထုတိုကဏ္ဍ

# ဘဝရဲ့ ပဲ့ကိုင်ရှင်

အေးအေးခိုင်(ပညာရေး)

ကျောင်းတစ်ကျောင်းမှာ ကျောင်းသားတိုင်း ကျောင်းနေပျော်ပြီး စာတော်တဲ့ကလေးဖြစ်အောင် ပညာရေးတြိဂံဖြစ်တဲ့ မိဘ၊ ဆရာ၊ ကျောင်းသား ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေဟာ တစ်ယောက်နဲ့တစ်ယောက်မွေးဖွားကြီးပြင်းတဲ့ ပတ်ဝန်းကျင် လူမှုဆက်ဆံရေးအသိုင်းအဝိုင်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိတ်ခံစားရေး၊ ဘဝပေးအခြေအနေ စတာတွေ တစ်ဦးနဲ့တစ်ဦး မတူညီကြပါ။ တချို့က မိစုံဖစုံရှိပြီး တချို့က မိမစုံ၊ ဖမစုံ၊ မိမဲ့၊ ဖမဲ့ တစ်ခြမ်းပဲ့ဘဝ၊ တချို့က အဘိုး၊ အဘွား၊ အဒေါ်၊ ဦးလေး၊ အစ်ကို၊ အစ်မ စတာတွေရဲ့ အုပ်ထိန်းမှုနဲ့ ကြီးပြင်းလာကြရပါတယ်။ မိဘနဲ့ပဲနေနေ အုပ်ထိန်းသူနဲ့ပဲနေနေ ကလေးတွေရဲ့ ပညာရေး အခြေအနေကို ဂရုတစိုက်ရှိကြတဲ့ မိဘအုပ်ထိန်းသူတွေ ရှိသလို စားဝတ်နေရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး စတဲ့ အခြေအနေအရပ်ရပ်ကြောင့် ကလေးတွေကို ဂရုမစိုက်နိုင်သူတွေလည်း ရှိပါတယ်။ ဆရာ၊ ဆရာမတွေကတော့ ကလေးတွေကို လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာမရွေး လူကောင်းလူတော်တွေဖြစ်အောင် ပြုပြင်ထိန်းကျောင်းပညာသင်ပေးရတဲ့ ဝတ္တရားတွေကို ဦးထိပ်ပန်ဆင်ထားသူများ ဖြစ်ကြပါတယ်။

မသီတာဟာ မိဘများရဲ့ အခန်းကဏ္ဍကို အလေးထားသူမို့ မိဘအုပ်ထိန်းသူများနဲ့ ကျောင်းတက်ကျောင်းဆင်း ထမင်းစားနားချိန်တွေမှာ တွေ့ဆုံနှုတ်ဆက်ပြီး တရင်းတနှီးဆက်ဆံပါတယ်။ တစ်နေ့ ကျောင်းမတက်မီ ကျောင်းပေါက်ဝမှာ မိဘတစ်ဦးနဲ့ မသီတာတို့ စကားပြောနေစဉ် ဆရာမ ဒေါ်ခင်ဖြူဟာ ကျောင်းသူတစ်ယောက်ကို လက်ဆွဲပြီး ဒေါကြီး မောကြီးနဲ့ ရောက်လာပါတယ်။ ဆရာမ မျက်နှာဟာ ဒေါသအရှိန် ထွက်နေပုံပေါက်နေလို့ မသီတာက 'မမဖြူ စိတ်ဆိုးလာတယ်နဲ့ တူတယ်ဘာဖြစ်လာလို့လဲ'

'ဒီမှာ ပြောလို့မဖြစ်ပါဘူး။ ဆရာမကြီး ကျွန်မရုံးခန်းကို သွားနှင့်ပါ့မယ်။ ပြောပြောဆိုဆို မသီတာရဲ့ အပေါ်ထပ်က ရုံးခန်းကို တက်သွားပါတယ်။ မသီတာဟာ ကျောင်းမှာရှိတဲ့ ဆရာမတွေထဲမှာ သူ့ထက်အသက်သော်လည်းကောင်း၊ လုပ်သက်သော်လည်းကောင်း ကြီးသူများကို နာမည်နဲ့တွဲပြီး 'မမ' ထည့်ခေါ်လေ့ရှိတဲ့အပြင် ဆရာ၊ ဆရာမတွေရဲ့ စိတ်နေစိတ်ထားကိုသိအောင် ကြိုးစားလေ့လာနေသူလည်းဖြစ်ပါတယ်။ မသီတာလည်း ကျောင်းသားမိဘကို နှုတ်ဆက်ပြီး ဒေါ်ခင်ဖြူနောက် လိုက်သွားပါတယ်။

ဒေါ်ခင်ဖြူက 'ဆရာမကြီးရေ ဒီကောင်မလေးကြောင့် ကျွန်မအရှက်ကွဲခဲ့လို့ ဒေါသဖြစ်နေတာပါ'

'မမဖြူရေ ဖြစ်စဉ်ကို စိတ်အေးအေးထားပြီး ပြောပြပါဦး'

'နေ့စဉ် ကျွန်မ အိမ်ကစောစောထွက်လာပြီး ကျောင်းမှာရောက်ကြောင်း လက်မှတ်ထိုးပါတယ်။ နားနေခန်းမှာ ထမင်းချိုင့်ထားပြီး ကျောင်းနားက ဘုရားမှာလှူဖို့ယူလာတဲ့ ဆွမ်း၊ ပန်း၊ ရေချမ်း စတာတွေကို ကပ်လှူပူဇော်ပြီး ပုတီးစိပ် တရားမှတ်ပါတယ်။ ကျောင်းတက်ခါနီးမှ ကျောင်းကို လာတာပါ။ ဒီနေ့ ဘုရားရှိခိုး ပုတီးစိပ် တရားထိုင်ပြီး ကျောင်းပြန်မလို့ ဘုရားထဲက ထွက်လာတော့ ဂေါပကလူကြီးတစ်ဦးက ကျွန်မကို သူ့ရုံးခန်း ခေါ်သွားပါတယ်။ ရုံးခန်းမှာ ကျွန်မတို့ ကျောင်းယူနီဖောင်းဝတ်ထားတဲ့ ကောင်မလေးနဲ့ ကောင်လေးတစ်ယောက်ကို တွေ့ပါတယ်။ ဂေါပကလူကြီးက 'ဆရာမရေ ဒီကောင်လေးနဲ့ ကောင်မလေးက ဘုရားရင်ပြင်ပေါ်မှာ ချိန်းတွေ့တာ အစက သတိမထားမိကြဘူး။ ပြီးခဲ့တဲ့လက ကျွန်တော်နဲ့တွေ့လို့ ဘုရားရင်ပြင်တော်ဟာ သမီးရည်းစားချိန်းတွေ့သင့်တဲ့နေရာမဟုတ်လို့ နောင်ဘယ်တော့မှ ဘုရားမှာချိန်းမတွေ့ပါနဲ့။ နောက်ထပ်တွေ့ရင် ဆရာမကြီးနဲ့ တိုင်ရလိမ့်မယ်'လို့ ပြောလိုက်သတဲ့။ မတွေ့ပါနဲ့လို့ သတိပေးထားရက်နဲ့ ဒီနေ့ထပ်တွေ့လို့ ဒေါသဖြစ်ပြီး တိုင်လိုက်တာပါ။ ကျွန်မ ရှက်လည်းရှက်၊ ဒေါသလည်း ထွက်ပေမယ့် ကိုယ့်ဖက်ကမှားနေတော့ 'ဆရာမကြီးကို တိုင်လိုက်ပါ့မယ်၊ ဆုံးမပါ့မယ် ထိထိရောက်ရောက်လည်း အရေးယူပေးပါမယ်' လို့ပြောပြီး သူ့ကိုဒေါသတကြီး လက်ဆွဲခေါ်လာတာပါ'

ဒေါ်ခင်ဖြူစကားကြားရတော့ ဆရာမကြီးလည်း တော်တော်ဒေါသထွက်သွားပါတယ်။

'သူက ဘယ်သူ့အတန်းကလဲ ဘယ်သူလဲ'

'၁၀ တန်း(ဂ) ဒေါ်ရီရီ အတန်းက ကျောင်းသူ သီသီပါ'

'မောင်သာခင် ဒေါ်ရီရီသွားခေါ်ခဲ့' မသီတာက ဒေါ်ရီရီကို ဒေါ်ခင်ဖြူပြောတဲ့အတိုင်း ဘုရားရင်ပြင်တော်ပေါ်မှာ ရည်းစားနဲ့ချိန်းတွေ့လို့ မမဖြူကို ဂေါပကက တိုင်လိုက်ကြောင်း ပြောပြပါတယ်။ ဒေါ်ရီရီလည်း သူ့အတန်းပိုင်က ကျောင်းသူဖြစ်နေလို့ ဒေါသထွက်ပြီး

'သီသီ ညည်းက ကျောင်းဂုဏ်သိက္ခာကျအောင် လုပ်လိုက်တာပေါ့လေ။ ရည်းစားထားတာတောင် အပြစ်ကြီးလှပြီ။ တို့တစ်တွေ အထွတ်အမြတ်ထားတဲ့ ဘုရားပေါ်မှာ ရည်းစားနဲ့ချိန်းတွေ့တယ်။ တစ်ခါလည်းမတွေ့ဖို့ သတိပေးထားရက်နဲ့ ထပ်တွေ့တယ်ဆိုတော့ လွန်လွန်းလှချည်လား။ ညည်းတို့ကို ရည်းစားမထားဖို့ နေ့စဉ်ဆုံးမသတိပေးနေတာပဲ။ ဒေါ်ရီရီက ရုတ်တရက် စိတ်မထိန်းနိုင်ဘဲ စားပွဲပေါ်က တုတ်ကိုယူပြီး သီသီကို ဒေါသတကြီးရိုက်ပါတော့တယ်။ မမျှော်လင့်ဘဲ ဖြစ်သွားတာဆိုပေမယ့် မသီတာနဲ့ ဒေါ်ခင်ဖြူက ဝင်မတားပါ။

'ဆရာမရိုက်သာရိုက် ဒီထက်မက နာနာရိုက်၊ ကိုယ့်ကျောင်းဂုဏ်သိက္ခာလည်းကျတယ်။ ကျွန်မတို့ ညံ့ရာလည်း ကျတယ်။ အဲ့ဒီတုန်းက တစ်နိုင်ငံလုံး အဖြူ၊ အစိမ်းမဝတ်မနေရ မဟုတ်ဘဲ ကိုယ့်ကျောင်းအစီအစဉ်နဲ့ ကိုယ့်ယူနီဖောင်းအရောင်ရွေးပြီး ဝတ်ကြတာပါ။ ယခုအခါလို လည်ဆွဲရင်ဘတ်တံဆိပ်တွေ မတပ်ပေမယ့် ယူနီဖောင်းအရောင်ကြည့်ရုံနှင့် ဘယ်ကျောင်းကလည်းဆိုတာ တန်းကနဲ သိနိုင်ပါတယ်'

'ကျွန်မကတော့ ဘုရားမသွားရဲတော့ဘူး။ သီသီ နင်လုပ်သင့်၊ မသင့်မစဉ်းစားဘဲ ရည်းစားစိတ်မွှန်နေတာလား။ အများကိုးကွယ်တဲ့ဘုရားပေါ်မှာ ချိန်းတွေ့ရတယ်လို့ ငါလေ နင့်ကို အသေသတ်ချင်တာ' ဒေါသထွက်နေတဲ့ ဒေါ်ခင်ဖြူဟာ ဒေါ်ရီရီလက်ထဲက တုတ်ကိုယူပြီး သီသီကို ရိုက်ပါတော့တယ်။ ဒေါ်ခင်ဖြူဟာ ကျောင်းမှာ အသက်ကြီးဆုံး ဝါအရင့်ဆုံးအထက်တန်းပြဆရာမတစ်ယောက်ဖြစ်ပါတယ်။ အပျိုကြီးဖြစ်ပြီး စည်းကမ်းအလွန်ကြီးပါတယ်။ စိတ်ရင်းကောင်းပေမယ့် စိတ်ဆတ်ပြီး ဒေါသကြီးလွယ်ပါတယ်။ သူ့စိတ်ခံစားကိုသိနေတဲ့ မသီတာက ဒေါ်ခင်ဖြူ ဒေါသကြီးပြီး ကတုန်ကယင်ဖြစ်လာတာ တွေ့တော့

'မမဖြူစိတ်ကိုလျှော့ပါ ဖြစ်သင့်ဖြစ်ထိုက်တာ ဖြစ်အောင် ကျွန်မစီစဉ်ပါ့မယ်။ အခုတော့ နားနေခန်းမှာနေပြီး စိတ်ငြိမ်သွားအောင် သံပရာရည်တစ်ခွက် သောက်လိုက်နော်'။ ဒေါ်ရီရီနဲ့ သီသီလည်း စာသင်ခန်းပြန်ရင်း မမဖြူကို နားနေခန်းလိုက်ပို့လိုက်ပါ။ မောင်သာခင်က သံပရာရည်တစ်ခွက် သွားဝယ်ပေးလိုက်ပါဦး။ သူ့မိဘတွေလည်း သွားခေါ်လိုက်ပါ။

မကြာခင် မသီတာအခေါ်လွှတ်လိုက်တဲ့ သီသီဖခင်၊ ဒေါ်ရီရီ၊ မမဖြူနဲ့ သီသီတို့ ရောက်လာကြပါတယ်။ သီသီအဖေကိုမြင်တော့ မသီတာအံ့အားသင့်သွားပြီး

'မင်း မောင်ကြည် မဟုတ်လား။ မင်းနဲ့ငါမတွေ့တဲ့နှစ် ၂၀ ကျော်ကာလအတွင်း ဘာတွေဖြစ်ခဲ့သလဲ ပြောပါဦး'

'ဟုတ်ပါတယ်ဆရာမ။ ဆရာမ S.A.T အဖြစ်နဲ့ အမျိုးသားကျောင်းမှာ တာဝန်ထမ်းစဉ်က ဆရာမရဲ့ အတန်းပိုင် ၈တန်း(ခ)က မော်နီတာ မောင်ကြည်ပါ'

ဆရာမနဲ့ မတွေ့တဲ့ အနှစ် ၂၀ အတွင်း ကျွန်တော် ဘွဲ့မရဘဲ မိန်းမရသွားတော့ အစိုးရအလုပ်မလုပ်ဘဲ ကုန်ရောင်း၊ ကုန်ဝယ်လုပ်ရင်း ပွဲစားလုပ်ပါတယ်။ ကျွန်တော်က လားရှိုးကို အသွားများပါတယ်။ လားရှိုးက ကုန်သည်တွေမှာတဲ့ မန္တလေးက ကုန်တွေလာပို့ရင်းအပြန်မှာ မန္တလေးက ကုန်သည်တွေမှာတဲ့ လားရှိုးက ကုန်ပစ္စည်းတွေဝယ်ပြီး ရောင်းပါတယ်။ တခြားမြို့တွေလည်း သွားပါတယ်။ ရွှေဘိုက ခွန်နီဆန်ကို မိတ္ထီလာကမှာရင် ဆန်သွားပို့ရင်း ရွှေဘိုကမှာလိုက်တဲ့ ငရုတ်သီးခြောက်ဝယ်ပြီး ရွှေဘိုမှာ ပြန်ရောင်းပါတယ်။ အိမ်နေရတဲ့ရက်က နည်းတော့ သမီးသုံးယောက်နဲ့ ကင်းကွာနေသလို ဖြစ်နေပါတယ်။ သမီးသုံးယောက်မှာ သီသီက အကြီးဆုံး ၁၀ တန်းပါ။ အလတ်ရီရီက ရှစ်တန်း အငယ်ဆုံး၊ မီမီက ခြောက်တန်းပါ။ ဆရာမကြီး ကျောင်းမှာပဲ နေပါတယ်။ မိန်းမက အိမ်ဆိုင်လေးဖွင့်ထားတော့ ကျွန်တော်တို့နှစ်ယောက်စလုံး စီးပွားရှာတဲ့လုပ်ငန်းမှာပဲ နစ်မြုပ်နေကြရပါတယ်။ သမီးတွေကို သိပ်ဂရုမစိုက်မိကြပါဘူး။ သူတို့ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ရင် မိဘဝတ္တရား ကျေပြီလို့ ထင်ထားကြပါတယ်။ သူတို့ရဲ့ ပညာရေး၊ လူမှုရေး အခြေအနေတွေကို မလေ့လာမိဘဲ လျစ်လျူရှုသလို ဖြစ်နေတာဟာ ကျွန်တော်တို့ရဲ့ အမှားပါပဲ။ သီသီမှာ ရည်းစားရှိတာလည်း ကျွန်တော် မသိပါဆရာမ'

ရည်းစားနဲ့ချိန်းတွေ့တာ ဂေါပကက ဒေါ်ခင်ဖြူကို တိုင်ပြောလို့ အရှက်ရခဲ့ရကြောင်း၊ ကျောင်းသိက္ခာ ကျဆင်းစေတာကြောင့် ပြင်းပြင်းထန်ထန် အရေးယူသင့်ကြောင်း ဒေါသတကြီးပြောနေစဉ်က မောင်ကြည်ဟာ မျက်နှာငယ်လေးနဲ့ပါ။

မသီတာက 'မောင်ကြည် မင်းသမီးကြောင့် ငါ့မှာသိက္ခာလည်းကျ ညံ့ရာလည်းကျနေပြီ။ မင်းတို့ မိဘတွေက စီးပွားရှာနေရတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ကလေးတွေကို လျစ်လျူရှုထားတယ်။ ကဲ…မင်း သမီးရဲ့ ပညာရေးအခြေအနေလေး ပြောပြစမ်းပါဦး'

'ကျွန်တော်က ခရီးထွက်နေရတာများတော့ သူ့ Reportcard ကို သူ့အမေပဲ လက်မှတ်ထိုးပေးနေတာမို့ သမီးရဲ့ ပညာရေးအခြေအနေကို မသိပါ'

'ကဲ ဒေါ်ရီရီ သူ့သမီး Reportcard ကို ပြလိုက်ပါဦး'

သမီးက လပတ်စာမေးပွဲတိုင်းကျနေတာပဲ။ ၄၂ ယောက်ရှိတာ အဆင့် ၄၀ ဆိုတော့ သူ့နောက် နှစ်ယောက်ပဲ ရှိတော့တာပေါ့။ ဒေါ်ရီရီက တချို့ကလေးတွေ ဉာဏ်ကောင်းပေမယ့် မကြိုးစားဘူး။ ဉာဏ်မကောင်းတဲ့ကလေးက ကြိုးစားပေမယ့် ဉာဏ်ကောင်းတဲ့လူလို မထိရောက်ဘူး။ ရှင့်သမီးက ဉာဏ်လည်းမကောင်း၊ စာလည်းမကြိုးစားဘူး။ ကျွန်မတို့လည်း လပတ်တိုင်းမကျအောင် ဂရုစိုက်ပြီး စာကျက်ခိုင်းတာပဲ။ ရည်းစားမထားဖို့၊ ခွင့်လိမ်တိုင်ပြီး ချိန်းမတွေ့ဖို့ ပြောရလွန်းလို့ အာပေါက်တော့မယ်။ ရှောင်တခင် မကြာခဏ စစ်ဆေးပြီး ဆုံးမနေတဲ့ကြားက ရည်းစားထားပြီး ချိန်းတွေ့တာဟာ လွန်လွန်းတာပေါ့။

ကဲ မောင်ကြည် ရည်းစားထားပြီး ဘုရားမှာ ချိန်းတွေ့တာဟာ ကျောင်းသိက္ခာကျစေလို့ မိဘဖြစ်တဲ့ မင်းမှာလည်း အပြစ်ရှိတယ်။ တစ်နေ့ ၂၄ နာရီမှာ နာရီအများဆုံး မိဘနဲ့အတူနေရတဲ့ ကိုယ့်သမီးရဲ့ ပညာရေး၊ လူမှုရေးအခြေအနေကို မသိတာဟာ ဥပေက္ခာပြုလွန်းရာရောက်တယ်။ စီးပွားမရှာရဘူးလို့ မပြောလိုပါဘူး။ စီးပွားရှာချိန်မှာ စီးပွားရှာသလို ကိုယ့်မိသားစုကို ဂရုစိုက်တန်စိုက်ရမယ်။

'ဟုတ်ပါတယ်ဆရာမ ကျွန်တော့်မှာ အပြစ်ရှိလို့ ဆရာမကြိုက်သလို အပြစ်ပေးပါ။ သားသမီးမကောင်း မိဘခေါင်းဆိုတဲ့ ဆိုရိုးအရ ကျွန်တော့်ကို အပြစ်ပေးပါ။ ကျွန်တော်တို့ ရှစ်တန်းကျောင်းသားဘဝ ၁၅ နှစ် အရွယ်က စာမကျက်ရင်၊ အိမ်စာမလုပ်ရင် ကျောင်းစည်းကမ်းဖောက်ဖျက်ရင် ဘာကြောင့်ရိုက်တယ်ဆိုတာကို နားလည်အောင်ရှင်းပြပြီးမှ အတန်းရှေ့မှာရိုက်ပြီး အပြစ်ပေးခဲ့တာကို အခုထိ သတိရနေဆဲပါ။ ကျွန်တော်တို့တုန်းက ကျောင်းလခမပေးနိုင်လို့ ကျွန်တော့်အတွက်သာမက မပေးနိုင်တဲ့ကျောင်းသားတွေအတွက်ပါ ဆရာမစိုက်ပေးခဲ့တာကို ကျောင်းလခကောက်ရတဲ့ မော်နီတာ ကျွန်တော် အသိဆုံးပါ။ ကျွန်တော်တို့ အရပ်ထဲ(ပ·ပ·က ကုန်သွယ်ရေး)က ထီး၊ မိုးကာ၊ ဖိနပ်၊ ခြင်ထောင် စတာတွေ မဲဖောက်ပေးရင်လည်း ဆရာမက အမြဲပိုက်ဆံစိုက်ဝယ်ပေးခဲ့တာပါ။

စာမျက်နှာ ၁၇ သို့ ➤

# အသက်(၂၀)အောက် လူငယ်ပန်းချီဝါသနာရှင် ၁၅ ဦး၏ စုပေါင်းလက်ရာပန်းချီပြပွဲပြုလုပ်မည်




**မန္တလေး ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ 108 CAFE တွင် မြို့ခံ အသက်(၂၀)အောက် လူငယ် ပန်းချီဝါသနာရှင် ၁၅ ဦး၏ စုပေါင်းလက်ရာ ပန်းချီပြပွဲကို မေလပထမပတ်တွင် ကျင်းပသွားမည်ဖြစ်သည်။

"အဆိုပါပန်းချီပြပွဲကို ပြင်ဦးလွင်မြို့ရှိ 108 CAFE တွင် သုံးရက်တိုင် ကျင်းပမှာဖြစ်ပြီး လူငယ် ပန်းချီဝါသနာရှင် ၁၅ ဦးမှ ရေဆေး၊ အခရိုင်လစ်၊ ခဲခြစ်၊ မင်ခြစ်ပန်းချီအမျိုးအစားများကို စုပေါင်းပြသသွားမှာဖြစ်ပါတယ်" ဟု ပြပွဲတွင် ပါဝင်သူလူငယ်တစ်ဦးက ပြောသည်။

"ရွှေရုပ်လွှာပန်းချီသင်တန်း နှစ်(၃၀)ပြည့် အထိမ်းအမှတ်အဖြစ် နောင်အနာဂတ်တွင် လူငယ် ပန်းချီဆရာ၊ ဆရာမများ ပေါ်ထွန်းလာစေရန် သင်တန်းသား၊ သင်တန်းသူ လူငယ်များ၏ စုပေါင်းပန်းချီပြပွဲကို ဖြစ်မြောက်အောင် စီစဉ်ပေးတာဖြစ်ကြောင်း" ပြပွဲဖြစ်မြောက်ရေးတာဝန်ခံက ပြောသည်။

ပန်းချီပြပွဲတွင် ပါဝင်သူ လူငယ်လေးများသည် ရွှေရုပ်လွှာ ပန်းချီသင်တန်းသို့ တက်ရောက်သင်ကြားထားသော ဝါသနာရှင်လေးများဖြစ်ကြပြီး အငယ်ဆုံး အသက် ခြောက်နှစ်မှ အကြီးဆုံး အသက် ၂၀ အတွင်း လူငယ်များ ဖြစ်ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၀၇၀)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

# ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာန၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် ဧပြီ ၂၅**

ကျောင်းသားလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

လူငယ်ရေးရာအသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ဟောပြောပွဲများကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး "လူငယ်နှင့်စာရိတ္တ"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက "လူငယ်နှင့်ပညာရေး" အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

စာအုပ်၊ စာပေ လှူမိတ်ဆွေ။

# တစ်ချက်တည်း ကျင်းဝင်

**မန္တလေး ဧပြီ ၂၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ဧပြီ ၂၄ ရက် နံနက် ၇ နာရီ ၂၂ မိနစ်က ဦးစိုင်းဇော်အောင်သည် အတူကစားဖော်များဖြစ်ကြသော ဦးအောင်မျိုး၊ ဦးသိန်းကျော်၊ ဦးအောင်သန်း၊ မအေးသဇင်ဖူးတို့နှင့်အတူ ဂေါက်ရိုက် ကစားရာ ၁၃၄ ကိုက် ကွာဝေးသော ကျင်းအမှတ်(၃)၌ SRIXON-3 ဂေါက်သီးအား BRIDGE STONE-AW ဂေါက်တံဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားကြောင်း သိရသည်။ **(ကဆ)**




# စားသုံးသူရေးရာ အသိပညာပေး Talk Show ဆောင်ရွက်

**သရက် ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းတင်ဆက်သည့် စားသုံးသူရေးရာအသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် (Community Centre)ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ Talk Show ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်-၃ ဒေါ်ဇာခြည်လွင်နှင့် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဒေါ်နွဲ့ယဉ်ဝင်းတို့က အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် ဘယ်လို သတ်မှတ်သလဲ၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချရာတွင် မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်များအကြောင်း၊ မှတ်ပုံတင်လက်မှတ်မရှိဘဲ Online ရောင်းချခြင်းအကြောင်းတို့ စုံလင်စွာဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

# ကျောင်းပိတ်ချိန်

* ဥသြတေးသီ
ဂိမှာန်ဆီ
ကျောင်းပိတ်တဲ့ရာသီ ။
* ခါတော်မီ လေ့လာပွား
သုတ အားကစား ။
* ညီငယ်များက တိုက်ကွမ်ဒို
ရေကူးသင်မယ်ဆို ။
* မမညီက စာကြည့်တိုက်
အငယ်ထွေးလည်း လိုက် ။
* လုံမကလေး အကသင်
ခေါင်းခါး ခြေလက်ယဉ် ။
* သံစဉ်လှလှ တီးကွက်ကျ
မောင်မောင်လက်စွမ်းပြ ။
* ပန်းချီ ဂီတ စုံလင်စွာ
ကြိုးစားသင်ယူမှာ ။
* အကျိုးရှိစွာ ပညာပွား
နွေကျောင်းပိတ်ရက်များ ။ ။

**ခင်မျိုးမြင့်ရွှေ(စိတ်ပညာ)**

# ရက်(၁၀၀)စီမံချက်ဖြင့် ရပ်ကွက်၊ ကျေးရွာများအရောက် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ညောင်ဦး ဧပြီ ၂၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ညောင်ဦးမြို့၊ အမှတ်(၇)၊ ဝက်ကြီးအင်းရပ်ကွက်၌ ပြုလုပ်သည့် အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ညောင်ဦးမြို့နယ်ဦးစီးမှူး ဦးဇောဝဏ္ဏနှင့် ဝန်ထမ်းများက ဧပြီ ၂၄ ရက် နံနက်ပိုင်းမှ စတင်၍ ကွင်းဆင်းဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ရက် (၁၀၀) စီမံချက်ဖြင့် ရပ်ကွက်၊ ကျေးရွာများအရောက် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးနေမှုများကို ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်ကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ကြည့်ရှုအားပေးခဲ့ကြပြီး မြို့နယ်ဦးစီးမှူး ဦးဆောင်၍ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်း၊ အိမ်ထောင်စုစာရင်းနှင့် e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူ၍ Unique IDနံပါတ် တစ်ပါတည်း ဆောင်ရွက်ခြင်း၊ မှတ်ပုံတင်နှင့် UID CARD မပြုလုပ်ရသေးသည့် အမှတ်(၇)၊ ဝက်ကြီးအင်းရပ်ကွက်ရှိ အသက်(၁၀)နှစ်နှင့် အထက် မှတ်ပုံတင်အသစ် ပြုလုပ်ပေးခြင်း၊ အသက်(၁၈)နှစ်ပြည့် မှတ်ပုံတင်လဲလှယ်ခြင်း၊ ဟောင်းနွမ်းပျက်စီး မှတ်ပုံတင်များအား အသစ်လဲလှယ် ပြုလုပ်ပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ) (၄၈၁)**







## ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးလက်ကမ်းစာစောင်များပေးဝေ

**စစ်ကိုင်း ဧပြီ ၂၅**

စစ်ကိုင်းမြို့တွင် ယနေ့ နံနက်ပိုင်း ကျောင်းသွား-ရုံးသွား ချိန်အထိ ဆိုင်ကယ်စီးသူများအား ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတိယရဲမှူး ဦးကျော်စိုးလွင်နှင့် တပ်ဖွဲ့ဝင်များက ဆိုင်ကယ်စီး ဦးထုပ်ဆောင်းကြရန်၊ လုံခြုံစိတ်ချရသော ဆိုင်ကယ်ဦးထုပ်ကိုသာ အသုံးပြုရန်၊ တစ်ဖက်ယာဉ်ကြောမှ ကပ်ကျွေ့ခြင်းမျိုးမပြုလုပ်ရန်၊ မီးအချက်ပြများ လိုက်နာမောင်းနှင်ရန်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးယာဉ်များ လက်ယာဘက်ယာဉ်ကြောမှ မောင်းနှင်ရန်စသည့် ယာဉ်လမ်းစည်းကမ်းဆိုင်များ အသိပညာပေးပြောကြားခြင်းနှင့် အသိပညာပေး၍ လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

(ဝင်ဝ)



## စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေးစစ်ဆေး

**သရက် ဧပြီ ၂၅**

သရက်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့် တပ်ဖွဲ့ဝင်များသည် ဧပြီ ၂၄ ရက်တွင် သရက်မြို့ရှိ စက်သုံးဆီဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ကောင်းမွန်အသင့်ရှိ၊ မရှိ၊ စက်သုံးဆီရောင်းချခြင်းနှင့် ဆီတင်ယာဉ်များဆီချရာတွင် ဘေးကင်းလုံခြုံမှုရှိ၊ မရှိနှင့် ဆီဆိုင်ဝန်ထမ်းများ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းကိရိယာများအား ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနိုင်ခြင်းရှိ၊ မရှိများစစ်ဆေးကာ အမြှုပ်လုပ်ပိုက်ခေါင်းအား လက်တွေ့အသုံးပြုစေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မြို့နယ်အချို့၌ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**တောင်ကြီး ဧပြီ ၂၅**

ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားသည်။



ဖြစ်စဉ်မှာ ဧပြီ ၂၀ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ အောင်သပြေရပ်ကွက်၊ ရွှေစေတီလမ်းပေါ်၌ တောင်ကြီးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မသင်္ကာဖွယ်တွေ့ရှိသူ အဆိုပါရပ်ကွက်နေ ဒေါ်ရည်မွန်အောင်(ခ)အငယ်မ (၃၁)နှစ်ဆိုသူအား စစ်ဆေးခဲ့ရာ ၄င်းလွယ်ထားသည့် ဘေးလွယ်အိတ်အတွင်းမှ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့် အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ရည်မွန်အောင်(ခ)အငယ်မဆိုသူအား ရွှေညောင်နယ်မြေရဲစခန်းက လောင်းကစားဥပဒေပုဒ်မဖြင့် လည်းကောင်း။

အလားတူ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အနောက်သပြေကုန်းရပ်ကွက်နေ ဒေါ်ရီရီပိုက်(ခ)မီးမီး(၅၄)နှစ်၏နေအိမ်၌ နှစ်လုံး၊ သုံးလုံးထီ ရောင်းချနေကြောင်း သတင်းအရ သုံးဆယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၄င်းအားနေအိမ်ရှေ့ခန်း၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ရီရီပိုက်(ခ)မီးမီးဆိုသူအား သုံးဆယ်နယ်မြေရဲစခန်းက လောင်းကစားဥပဒေပုဒ်မဖြင့်လည်းကောင်း။

ထို့အတူ မွန်းလွဲ ၁ နာရီ ၃၀ မိနစ်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကန်တော်ဦးရပ်ကွက်နေ ဒေါ်ဇာခြည်ဦး (၃၈) နှစ်ဆိုသူ၏နေအိမ်၌ ဖဲရိုက်လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သိမ်ဇရပ် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ နေအိမ်အတွင်း ဒေါ်ဇာခြည်ဦးပါ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့အား ဖဲရိုက်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဇာခြည်ဦးပါ ငါးဦးအား သိမ်ဇရပ်နယ်မြေရဲစခန်းက လောင်းကစားဥပဒေပုဒ်မဖြင့် လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ပစ္စည်းအဟောင်းများထားသော အဆောက်အအုံတွင် မီးလောင်မှုဖြစ်ပွား

**ပုသိမ်ကြီး ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်ရှိ ဦးထွန်းကို ဆိုသူပိုင်ဆိုင်သော (၄၀× ၂၀) ပေ၊ သွပ်မိုး၊ ထရံကာ၊ တစ်ထပ်၊ ပစ္စည်းအဟောင်းများ ထားသော အဆောက်အအုံ၌ ဧပြီ ၂၄ ရက် ည ၁ နာရီ ၂၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါအဆောက်အအုံအတွင်း CNJ အမျိုးအစား သစ်သားကြိုးထိုးစက်၏ မိန်းပလပ်ခုံ အပူလွန်ကဲရာမှ အနီးရှိထရံသို့ မီးကူးစက်လောင်ကျွမ်းခဲ့ရာ (၄၀×၂၀)ပေ သွပ်မိုး၊ ထရံကာ မြေစိုက် အဆောက်အအုံ တစ်လုံး၊ CNJ အမျိုးအစား သစ်သားကြိုးထိုးစက် တစ်လုံးနှင့် DOGU နိုင်ငံခြားခွေးအမျိုးအစား သုံးကောင် မီးလောင်ဆုံးရှုံးခဲ့သည်။ (အပေါ်ပုံ)

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးမင်းသန့် ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ မီးသတ်ရေယာဉ် နှစ်စီး၊ အထောက်အကူပြုယာဉ် တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ ၁၈ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ ၃၀ ဦးတို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီ ၄၃မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၁ နာရီ မိနစ် ၅၀ တွင် မီးလုံးဝငြိမ်းသွားခဲ့၍ လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရပြီး မီးပေါ့ဆစွာ သုံးစွဲသူအား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မေဝတီ(ပုသိမ်ကြီး-ပြန်/ဆက်)

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ မော်တော်ယာဉ် တိမ်းမှောက်မှုဖြစ်ပွား

**တောင်ကြီး ဧပြီ ၂၅**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် ၁၈၂ မိုင် ၇ ဖာလုံနှင့် ၁၈၃ မိုင် ၀ ဖာလုံကြား၌ ရန်ကုန်မြို့မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း ဦးဇော်မင်းထွန်း (၅၂)နှစ်ဆိုသူ မောင်းနှင်လာသော TOYOTA HILUX SURF အမျိုးအစားမော်တော်ယာဉ်သည် မောင်းနှင်နေစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရေမြောင်းထဲသို့ ထိုးကျတိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် သာဂရအမြန်လမ်းမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်တစ်စီးဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၁၀ နာရီ ၂၈ မိနစ်တွင် ပြီးစီးခဲ့သည်။



အဆိုပါယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါ ယာဉ်မောင်း အပါအဝင် သံဃာတော် တစ်ပါး၊ အမျိုးသား နှစ်ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ရှစ်ဦး ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)တို့အား နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ မော်တော်ယာဉ်၏ လေကာမှန်များကွဲ၊ ကားရှေ့ခြမ်းပိန်ချိုင့် ပျက်စီးခဲ့ကြောင်းနှင့် ယာဉ်မောင်းဖြစ်သူ ဦးဇော်မင်းထွန်းဆိုသူအား သာဂရအမြန်လမ်းရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀

# ‘ဘလူးတုသ်၏ ဖြစ်ပေါ်လာပုံ’

ဘလူးတုသ်ဆိုသည်မှာ ကြိုးမသုံးဘဲ ရေဒီယို လှိုင်းကို အသုံးပြုပြီး ဆက်သွယ်ပေးနိုင်သောကြိုးမဲ့ ဆက်သွယ်ရေးနည်းပညာ ဖြစ်ပါသည်။ တစ်စက္ကန့်ကို တစ်မီဂါဘိုက် (1MB)အမြန်နှုန်းဖြင့် သယ်ဆောင်နိုင်ပါသည်။ ဆက်သွယ်နိုင်သည့် အကွာအဝေးသည် ၁၀မီတာ (ပေ၃၀ ခန့်) အကွာအဝေး အတွင်း သယ်ဆောင်နိုင်သည်။ ရေဒီယိုလှိုင်းကို အခြေခံထားခြင်းဖြစ်၍ နေရာမရွေး ဆက်သွယ်နိုင်ခြင်းဖြစ်သည်။ ယနေ့ခေတ်တွင် ဘလူးတုသ် (Bluetooth) ကို လူသုံးကုန်ပစ္စည်း အများအပြားနှင့် ဆက်သွယ်နိုင်အောင် တီထွင်လာကြပါသည်။ ကြိုးမဲ့နားကြပ်တပ်ထားလျှင် ဖုန်းကို လက်က မကိုင်ဘဲ ပြောနိုင်လာကြပါသည်။ ဖုန်းအချင်းချင်း နှစ်သက်ရာ သီချင်းဖိုင်၊ စာသားဖိုင်များကို အပြန်အလှန် ပေးပို့နိုင်လာကြပါသည်။ ဘလူးတုသ်၏ အကြောင်းကို အခြေခံအားဖြင့် သိရှိနိုင်ကြရန် အနည်းငယ် ရှင်းလင်းတင်ပြခြင်းဖြစ်ပြီးဆက်လက်၍ ဘလူးတုသ်ဖြစ်ပေါ်လာပုံအား ဆက်လက်ရှင်းပြတင်ပြပေးလိုပါသည်။

ယနေ့ခေတ်တွင် စမတ်ဖုန်းများ၊ ကြိုးမဲ့နားကြပ်များ၊ စပီကာများနှင့် ကားများတွင် အလွယ်တကူ ချိတ်ဆက်အသုံးပြုရန်အတွက် Bluetooth ဟုခေါ်သည့် နည်းပညာတစ်မျိုးကို လူတိုင်း နေ့စဉ်နှင့်အမျှ တွင်ကျယ်စွာ အသုံးပြုနေကြပြီဖြစ်ပါသည်။ သို့သော်လည်း ဤမျှတွင်ကျယ်စွာ အသုံးပြုနေသော Bluetooth နည်းပညာကြီးကို မည်သူက တီထွင်ခဲ့သလဲ၊ အဆိုပါနာမည် ဘယ်လိုပေါ်ပေါက်လာသလဲ သိရှိသူမှာ နည်းပါးလှသေးသဖြင့် ဗဟုသုတအဖြစ် သိရှိနိုင်ကြစေရန် ရေးသားတင်ပြပေးလိုပါသည်။

Bluetooth၏ နောက်ကွယ်က သမိုင်းကြောင်းသည် အမေရိကန်နိုင်ငံ ဟောလိဝုဒ်ရုပ်ရှင်လောကတွင်ဖြစ်ပြီး ဒုတိယကမ္ဘာစစ်နှင့် ဥရောပမှ ဘုရင်ကြီးတစ်ပါးတို့နှင့်ပါ အံ့သြဖွယ်ရာ ချိတ်ဆက်၍ ဆက်စပ်နေပါသည်။ Bluetooth အပါအဝင် ယနေ့ခေတ်သုံး Wi-Fi, GPS စသည့် ကြိုးမဲ့နည်းပညာများ၏ အခြေခံအား စတင်ဖန်တီးပေးခဲ့သူသည် ဒုတိယကမ္ဘာစစ်ကာလက အလှဆုံးအမျိုးသမီးတစ်ဦးအဖြစ် တင်စားခံခဲ့ရသော သြစတြီးယားနွယ်ဖွား ဟောလိဝုဒ်မင်းသမီး Hedy Lamarr ဖြစ်ပါသည်။ သူမသည် ဂျာမဏီမှ နာဇီအစိုးရ၊ အီတလီမှ မူဆိုလီနီအစိုးရတို့နှင့် ရင်းနှီးသည့် လက်နက်ကုန်သည်တစ်ဦးဖြစ်သူ ခင်ပွန်းသည်ဆီမှ ထွက်ပြေး၍ ဟောလိဝုဒ်သို့ ရောက်ရှိလာသူဖြစ်ပါသည်။ သူမသည် ရုပ်ရှင်ကားများ ရိုက်ကူးနေရင်း အားလပ်ချိန်များ၌ အသစ်အဆန်းများ တီထွင်ရခြင်းကို ဝါသနာပါသူတစ်ဦး ဖြစ်ပါသည်။

အဆိုပါ အချိန်ကာလက အမေရိကန်ရေတပ်သည် ဂျာမန်ရေငုပ်သင်္ဘောများကို တော်ပီဒိုများဖြင့် ပစ်ခတ်ရာတွင် ရေဒီယိုလှိုင်းဖြင့် ထိန်းချုပ်ခဲ့သော်လည်း ရန်သူက အဆိုပါရေဒီယိုလှိုင်းကို ရှာဖွေပြီး လှိုင်းဖြတ် (Jamming) ခြင်းပြုလုပ်သည်ကို အမြဲခံနေရပါသည်။ အဆိုပါအခက်အခဲကိုသိသော လာမာသည် သူမ၏ သူငယ်ချင်းဖြစ်သူ စန္ဒရားတီးခတ်သူ ဂီတပညာရှင် George Antheil နှင့် ပူးပေါင်းပြီး အဖြေရှာခဲ့ပါသည်။

ထိုသို့ရှာဖွေခဲ့ရာမှ သူမသည် စန္ဒရားခလုတ်လေးများ အသံပြောင်းသွားသလိုမျိုး၊ ရေဒီယိုလှိုင်းများကို ရန်သူမသိအောင် Frequency တစ်နေရာမှ တစ်နေရာကို အဆက်မပြတ် (စက္ကန့်ပိုင်းအတွင်း) ခုန်ကူးပြောင်းလဲနေစေသည့် Spread-spectrum ဟုခေါ်သည့် ကြိုးမဲ့လှိုင်းနည်းပညာကို အောင်မြင်စွာ တွေ့ရှိတီထွင်နိုင်ခဲ့ပြီး မူပိုင်ခွင့် တင်ခဲ့နိုင်ပါသည်။

အဆိုပါလှိုင်းခုန်ကူးသည့် နည်းပညာသည် ယနေ့ခေတ် Bluetooth နှင့် Wi-Fi နည်းပညာများ၏ အမိက အသက်သွေးကြော ဖြစ်လာခဲ့ပါသည်။

(ဝမ်းနည်းစရာကောင်းသည့် အချက်မှာ ထိုစဉ်အချိန်က အမေရိကန်ရေတပ်သည် သူမ၏ တီထွင်မှုကို "မင်းသမီးတစ်ယောက်၏ အရူးအမူး စိတ်ကူး" ဟုဆိုကြပြီး လျစ်လျူရှု ပစ်ပယ်ထားခဲ့ပါသည်။ နောက်ပိုင်း ၁၉၆၀ပြည့်နှစ် ကျော်ခန့်ရောက်မှသာ ပြန် လည် အသုံးပြုခဲ့ခြင်း ဖြစ်ပါသည်)။

၁၉၈၉ ခုနှစ်၌ Ericsson ကုမ္ပဏီ၏ နည်းပညာအရာရှိချုပ် Nils Rydbeck နှင့် ဆရာဝန် Johan Ullman တို့သည်ကွန်ပျူတာများနှင့် ကြိုးမဲ့နားကြပ်များကြားတွင် အချက်အလက်များ အလွယ်တကူ ပို့ဆောင်နိုင်မည့် ရေတိုအကွာအဝေးသုံး ရေဒီယိုနည်းပညာတစ်ခုကို တီထွင်ရန် အင်ဂျင်နီယာနှစ်ယောက်ဖြစ်သည့် Jaap Haartsen နှင့် Sven Mattisson တို့အား တာဝန်ပေးအပ်ခဲ့ပါသည်။ အဆိုပါ တာဝန်ပေးချက်အရ စူးစမ်းရှာဖွေခဲ့ရာမှ တစ်ဆင့် Hedy Lamarr ၏ Spread-spectrum နည်းပညာကို အခြေခံထားသည့် Bluetooth ဟုခေါ်သော နည်းပညာကြီး စတင်ထွက်ပေါ်လာခဲ့ခြင်း ဖြစ်ပါသည်။

အဆိုပါ နည်းပညာကို နာမည်ပေးသည့်အခါ အလွန်စိတ်ဝင်စားစရာကောင်းသည့် သမိုင်းကြောင်းတစ်ခုကို ရွေးချယ်ခဲ့ကြပါသည်။ ၁၀ ရာစုနှစ်ခန့်က ဒိန်းမတ်နှင့် နော်ဝေနိုင်ငံနှစ်ခုကို တစ်ခုတည်း ဖြစ်အောင် ပေါင်းစည်းပေးနိုင်ခဲ့သည့် ဒိန်းမတ်ဘုရင်ကြီး Harald Blatand အား အစွဲပြုပြီး နာမည်ပေးခဲ့ခြင်း ဖြစ်ပါသည်။ (Blatand) ဆိုသည်ကို အင်္ဂလိပ်လို ပြန်ဆိုပါက Blue Tooth - သွားပြာဟု အဓိပ္ပာယ်ရပါသည်။ ဘုရင်ကြီးသည် ဘလူးဘယ်ရီသီးများကို အလွန်ကြိုက်နှစ်သက်သူဖြစ်ပြီး အမြဲစားလေ့ရှိခြင်းကြောင့် သူ၏သွားများသည် အပြာရောင်သန်းနေတတ်သည်ဟု ရာဇဝင်ဆရာများက ဆိုကြပါသည်။ အင်ဂျင်နီယာများက ရှေးခေတ်ဘုရင်ကြီးသည် နိုင်ငံများကို ပေါင်းစည်းပေးခဲ့သလို ယခုနည်းပညာသည်လည်း PC ကွန်ပျူတာလောကနှင့် မိုဘိုင်းဖုန်းလောကနှစ်ခုကို ပေါင်းစည်းပေးနိုင်မည့် နည်းပညာဖြစ်၍ အဆိုပါ နာမည်ကို ယူခဲ့ခြင်းဖြစ်သည် ဟု ဆိုကြပါသည်။

ထို့ကြောင့် Bluetooth ၏ အပြာရောင်အမှတ်တံဆိပ် (Logo) လေးသည် ဘုရင်ကြီး၏နာမည် အတိုကောက် Hနှင့် B (ᚼ နှင့် ᛒ)ဆို သည့် ရှေးဟောင်းဗိုက်ကင်း စာလုံးနှစ်လုံး (Bind rune) ကိုထပ်ပြီး ပေါင်းစပ်ရေးဆွဲထားခြင်းပဲ ဖြစ်ပါသည်။ Bluetooth နည်းပညာ၏ အားသာချက်မှာ စွမ်းအင်စား အလွန်သက်သာပြီး device 8 ခုအထိ တစ်ပြိုင်နက်တည်း ချိတ်ဆက်ကာ ကွန်ရက်တစ်ခုလို အလုပ်လုပ်နိုင်ခြင်းပင် ဖြစ်ပါသည်။ ယခုအခါ ဘလူးတုသ်ကို ပိုင်ဆိုင်သည့် ကုမ္ပဏီ သီးသန့်မရှိဘဲ Wi-Fi လိုမျိုးပင် ကုမ္ပဏီများစွာမှ သုံးစွဲနိုင်ကြပြီလည်း ဖြစ်ပါသည်။ သို့သော် Bluetooth Special Interest Group (SIG) ဆိုသည့် အဖွဲ့ကြီးသည် အဆိုပါ နည်းပညာ၏ စံချိန်စံညွှန်းများကို ကန့်သတ်ထိန်းချုပ်ထားပြီး ကမ္ဘာ့ထုတ်လုပ်သူကုမ္ပဏီတိုင်းကို လိုင်စင်ချပေးထားခြင်းဖြစ်သည်။ ထို့ကြောင့် အခြားကုမ္ပဏီများမှ ဖုန်း၊ကွန်ပျူတာနှင့် ကားများမှာ ဘလူးတုသ်စနစ်ကို အလွယ်တကူ အသုံးပြုခွင့်ရနေကြခြင်း ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် အမှတ်မထင် ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သော်လည်း ဘလူးတုသ်ကဲ့သို့သော လွယ်ကူမြန်ဆန်စွာ ချိတ်ဆက် အသုံးပြုနိုင်မည့် နည်းပညာသစ်မျိုး ထပ်မံမပေါ်ပေါက်မခြင်း ဘလူးတုသ်နည်းပညာသည်သာ လူသားတို့အတွက်အကျိုးပြုဆဲ နည်းပညာတစ်ခု ဖြစ်နေဦးမည်ဖြစ်ပါကြောင်း ဗဟုသုတ ရရှိနိုင်ကြစေရန် ရေးသားတင်ပြလိုက်ရပါသည်။

**နော်ယဉ်ကျေး**

---

➤ စာမျက်နှာ ၁၄ မှ

စာအုပ်၊ ခဲတံ၊ ဘောပင် စတဲ့ ကျောင်းသုံးပစ္စည်းတွေဆို ကျွန်တော်တို့သာမက လိုအပ်တဲ့ ကျောင်းသားတွေကို ဆရာမက အမြဲဝယ်ပြီး အလကားပေးခဲ့တာပါ။ ကျွန်တော်တို့ကို ဆရာမက သားသမီးတွေလို ချစ်သလို ကျွန်တော်တို့က ဆရာမကို အမေလို ချစ်ခင်အားကိုးခဲ့ကြတာပါ။ ကျွန်တော်ဟာ ဆရာမရဲ့တပည့်ဆိုတာထက် သားလိုပါပဲ။ ကျွန်တော့်သမီးကို မဆုံးမမိခဲ့တဲ့အတွက် ကျွန်တော့်မှာ တာဝန်ရှိပါတယ်။ ဆရာမ ကြိုက်သလို ကျွန်တော့်ကိုရိုက်ပါ"မောင်ကြည်က စားပွဲပေါ်ကတုတ်ကိုယူပြီး မသီတာလက်ထဲ အတင်းထိုးထည့်ပေးပါတယ်။ မသီတာက "ငါကဘယ်လိုလူတွေကို ဘာကြောင့်ဘယ်လို အပြစ်ပေးတတ်တယ်ဆိုတာ မင်းသိတယ်နော်။ မင်းသမီးအပြစ်လုပ်လို့ မင်းကိုရိုက်တာ မဟုတ်ဘူး။ မင်းဟာ ငါ့ရဲ့ လွန်ခဲ့တဲ့ နှစ် ၂၀ ကျော်က သားလိုဖြစ်နေတဲ့ တပည့်ဟောင်းတစ်ဦး ဖြစ်နေတာကြောင့် တစ်ကြောင်း၊ ကျောင်းရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေတာက တစ်ကြောင်း၊ စီးပွားရေးမှာမဲတင်းပြီး သားသမီးအရေးကို ဂရုမစိုက်လျစ်လျူရှု ဥပက္ခာပြုထားတာကတစ်ကြောင်းမို့ မင်းကိုငါ ရိုက်တယ်"ဆိုပြီး နှစ်ချက်ရိုက်လိုက်ပါတယ်။ သူ့ကြောင့် သူ့အဖေ အရိုက်ခံရလို့ သူ့သမီးကတော့ ငိုနေပါတယ်။

"တုတ်နဲ့ရိုက်လို့ အသားနာရုံအပြင် မရှိပါဘူး။ ဒါပေမဲ့ မင်းရဲ့ နှလုံးသားထဲမှာ ငါ့ဆရာမငါ့ကိုရိုက်တာ ငါ့ကလေးကိုပစ်ထားလို့ ရိုက်တာပဲဆိုတဲ့ အသိဝင်ရင် ငါရိုက်ရကျိုးနပ်တယ်။ မင်းသမီးကိစ္စအတွက် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ရဲ့ ဆုံးဖြတ်ချက်သိရအောင် တနင်္လာနေ့မှပဲ လာခဲ့တော့"။

တနင်္လာနေ့မှာ မောင်ကြည်ရောက်လာပါတယ်။ မောင်ကြည်က "ကျောင်းကအပြန် သီသီ၏ကောင်လေးကို ခေါ်တွေ့ပါတယ်။ သူကဘွဲ့ရတစ်ယောက်ဖြစ်ပြီး မိဘရဲ့ စက်ဘီးပစ္စည်းအရောင်းဆိုင်မှာ မိသားစုစီးပွားရေးကို ဦးဆောင်နေသူဖြစ်လို့ သမီးထက်အသက်ကြီးပါတယ်။ သူကတကယ့်မေတ္တာစစ်နဲ့ သီသီကိုဘဝ လက်တွဲဖော်အဖြစ် လက်ထပ်ခွင့်ပြုပါလို့ ခွင့်တောင်းပါတယ်။ နောက်နေ့မှာ သူ့မိဘနဲ့ ရပ်ကွက်က လူကြီးတွေပါခေါ်ပြီး လာတောင်းရမ်းပါတယ်။ မိဘများအနေနဲ့ သူ့သားကို အခြေမပျက်ဆက်ပြီး စက်ဘီးဆိုင်ရဲ့ စီးပွားရေးလုပ်ငန်းကို ဆက်လုပ်စေကာ လုပ်အားခအဖြစ် လစဉ်ငါးသောင်း (ရွှေတစ်ကျပ်သား တစ်သိန်းခေတ်ကပါ)၊ တိုက်ခန်းတစ်ခန်း၊ရွှေတစ်ဆင်ဆာ၊ မော်တော်ဆိုင်ကယ်တစ်စီး တင်တောင်းပါတယ်။ သမီးဟာ လတိုင်းနောက်ဆုံးအဆင့်နီးနီး ရောက်နေတာက တစ်ကြောင်း၊ ရည်းစားထား ဘုရားပေါ်ချိန်းတွေ့ပြီး ကျောင်းသိက္ခာကျအောင် လုပ်တဲ့အပြစ်ရှိတာက တစ်ကြောင်း၊ ဉာဏ်လည်းမကောင်း၊ စာလည်း မကြိုးစားတဲ့သမီးဟာ စာမေးပွဲဖြေဖို့ တစ်လလောက်သာလိုတော့ အောင်နိုင်ခြေမရှိတာ တစ်ကြောင်း၊ ဆရာမကြီးပြောသလို ကျွန်တော်က ညရောက် မနက်ခရီးပြန်ထွက် ရတာမျိုးရှိနေတော့ အနီးကပ် မကြီးကြပ်နိုင်တာက တစ်ကြောင်း၊ ကျွန်တော့်ဆန္ဒအရ သမီးကို ကျောင်းမလွှတ်တော့ပါဘူး။ မိသား၊ ဖသားပီပီ သူတို့အနာဂတ်အတွက်ပါ စဉ်းစားစီစဉ်ပေးတဲ့ ယောက်ျားလေးရှင်များရဲ့ အစီအစဉ်ကို လိုက်လျောသင့်တယ်လို့ ယူဆပြီး တန်ခူးသင်္ကြန် အပြီးလောက်မှာ အိမ်ထောင်ချပေးလိုက်တော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ဆရာမကြီးနဲ့ ဆရာမများရဲ့ ကျောင်းဂုဏ်သိက္ခာကျအောင် လုပ်ခဲ့တဲ့ သမီးရဲ့အပြစ်အတွက် ရှိခိုးကန်တော့ တောင်းပန်ပါတယ်ဆိုပြီး ဦးချကန်တော့ပါတယ်။

တပည့်တွေကန်တော့တိုင်း ဝမ်းသာအားရ သာဓုခေါ်တတ်တဲ့ မသီတာဟာ မောင်ကြည်ကန်တော့တာကို မျက်ရည်တွေဝဲနေတဲ့ မျက်လုံးနဲ့ ကြည့်ရင်းခပ်မဆိတ် နေလိုက်ပါတော့တယ်။

**အေးအေးခိုင်(ပညာရေး)**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၂၅

| | | |
|---|---|---|
| ချောက် | ၄၄ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၄ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၃ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၃ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၄၃ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |

# တပ်မတော်စစ်ကြောင်းများက CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် ဖလမ်းမြို့နှင့် အဆိုပါဒေသတစ်ခုလုံးအား အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်



တပ်မတော်စစ်ကြောင်းများက CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖလမ်းမြို့အား ပြန်လည်သိမ်းပိုက်ရရှိစဉ်။

နေပြည်တော် မေ ၂၅

ချင်းပြည်နယ်၏ ဒုတိယမြို့တော်ဖြစ်သည့် ဖလမ်းမြို့သည် ခရိုင်ရုံး၊ မြို့နယ်ရုံးများစိုက်ရာ တောင်ပေါ်မြို့တစ်မြို့ ဖြစ်သည်။ မြောက်ဘက်တွင် တီးတိန်မြို့နယ်နှင့် တောင်ဘက်တွင် ဟားခါးမြို့နယ်တို့ တည်ရှိကာ ဖလမ်းမြို့အနီး ဆူရ်ဘုန်တောင်တွင် လေယာဉ်ကွင်းရှိပြီး ချင်းပြည်နယ်၏ ပထမဆုံးလေဆိပ်ရှိသည့်မြို့ဖြစ်သည်။ ဖလမ်းမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်သို့လည်းကောင်း၊ ဖလမ်း-ဟားခါးမှတစ်ဆင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ဘက်သို့လည်းကောင်း သွားလာနိုင်ပြီး အချက်အချာကျပြီး နယ်မြေအေးချမ်းသည့် မြို့တစ်မြို့ဖြစ်သည်။

ထိုကဲ့သို့သော နယ်မြေအေးချမ်းသည့် တောင်ပေါ်ဒေသတွင် ရိုးသားစွာနေထိုင်လုပ်ကိုင်စားသောက်နေကြသည့် ပြည်သူများအား CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက CRPH၊ NUG အကြမ်းဖက်အဖွဲ့တို့၏ သွေးထိုးမြှောက်ပင့်မှုနှင့်အတူ ဒီမိုကရေစီအရေးနှင့် ဒေသကောင်းစားရေးဟု နိုင်ငံရေးမက်လုံးများဖြင့် စည်းရုံးသိမ်းသွင်း၍ အကြမ်းဖက်သင်တန်းများပို့ချပေးခဲ့သည်။ ထိုသို့ အကြမ်းဖက်သမားများအဖြစ် မွေးထုတ်ပေးကာ နယ်မြေခံပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်များကို ဖျက်ဆီးပြီး အစိုးရအုပ်ချုပ်ရေးယန္တရားများ ပျက်စီးကာ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးစေရန်ရည်ရွယ်၍ ချင်းညီနောင်စစ်ဆင်ရေးအမည်ဖြင့် မြို့ရွာများတွင် တိုက်ပွဲများ ဖော်ဆောင်ခြင်း၊ လုံခြုံရေးအားနည်းသော တပ်စခန်းငယ်များကို အင်အားအလုံးအရင်း အသုံးပြု၍ တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိရာ ဖလမ်းမြို့အား ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်

စာမျက်နှာ ၉ သို့ ○

# ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်တွင် အမှတ်(၅)အဆန်/အမှတ်(၆)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထား တိုက်ရိုက်စတင်ပြေးဆွဲမည်



နေပြည်တော် မေ ၂၅

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေး-ရန်ကုန် ရထားခရီးစဉ်အဖြစ် အမှတ်(၅)အဆန်/အမှတ်(၆)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား မေ ၁ ရက်မှစတင်၍ အောက်ပါအချိန်ဇယား အတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။

စာမျက်နှာ ၆ သို့ ✻

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မေ ၂၅

ယနေ့ည ၉ နာရီ ၄၅ မိနစ် ၁၁ စက္ကန့်တွင် ညောင်ဦးမြေငလျင်စခန်းမှ အနောက်-အနောက်မြောက်ဘက် မိုင် ၂၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ပေါက်မြို့၏ တောင်-အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၂၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၆၂ ဒီဂရီ၊ အနက် ၁၀၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ၂(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ



## အင်္ဂလိပ်အက်ဖ်အေဖလား ဗိုလ်လုပွဲအဆင့်သို့ မန်စီးတီးအသင်းတက်ရောက်

လန်ဒန် မေ ၂၅

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အင်္ဂလိပ်အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ၁၀နာရီ ၄၅မိနစ်က မန်စီးတီးအသင်းနှင့် ဆောက်သမ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးအသင်းက ဆောက်သမ်တန်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

မန်စီးတီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၈၂မိနစ်တွင် ဒိုကူ၊ ပွဲချိန် ၈၇မိနစ်တွင် ဝွန်ဇာလက်ဖ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

မန်စီးတီးအသင်း နည်းပြ ဂွါဒီယိုလာက "အသင်းအနေနဲ့ အခုလို အင်္ဂလိပ်အက်ဖ်အေဖလား ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဗိုလ်လုပွဲအဆင့်မှာလည်း အကောင်းဆုံးယှဉ်ပြိုင်ကစားပြီး ချန်ပီယံဆုအား ရယူသွားမှာပါ"ဟု ပြောသည်။

(NGB)

၀-၀-၀-၀